မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၀)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ သတ္တမအစည်းအဝေး ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာသဘင်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးဒုတိယနေ့ နံနက်ပိုင်း အစီအစဉ်ကို ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

ချောင်းကပျာသံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘုတ်ပြင်း-ကော့သောင်းလမ်း၌ တောင်ဒဂုံကုမ္ပဏီလီမိတက်က တာဝန်ယူ၍ စက်ယန္တရားကြီးများဖြင့် ကတ္တရာခင်းခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ဒဂုံကုမ္ပဏီလီမိတက်၏ တစ်နာရီ တန် ၃၀ ကျ ဆီကြိမ်းစက်ရုံသို့ ရောက်ရှိပြီး ဆီကြိမ်းထုတ်လုပ်နေမှုနှင့် ဆီသီးခိုင်၊ ဆီသီး၊ ဆီကြိမ်းဆီ၊ တာနယ်စေ့၊ တာနယ်မှုန့်နှင့် တာနယ်ဆီတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၆ ကော်လံ ၄ ✳

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအား ဖြင့် သာယာမည်။

လားရှိုးမြို့ကို ပန်းဈေးကွက်ကြီးဖြစ်အောင် ဖန်တီးပြီး မြန်မာနိုင်ငံ၏ ဒုတိယပန်းမြို့တော်ဖြစ်ရေး စတင်ဆောင်ရွက်နေပြီ

ရေမွှေးလီလီ ပန်းပျိုးခင်းကို နေရောင်ခြည်ဒဏ်၊ နှင်းဒဏ်ခံနိုင်ရန် ပေါင်းမိုးဖြင့် ဤသို့ စိုက်ပျိုးထားသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - ထိန်လင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

လားရှိုး ဖေဖော်ဝါရီ ၂၆ (ဖက်စ်)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ပြည်သူများ လေ့လာသိရှိနိုင်ရေး သတင်းဆောင်းပါးရေးသားရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်)

ကျေးရွာချင်းဆက်လမ်းများ ကြံခိုင်ရေး ဝိုင်းဝန်းဆောင်ရွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ ပါဝင်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအလိုက် လိုအပ်ချက်များကို အလေးထား ဖော်ဆောင်လျက်ရှိရာ အောင်မြင်တိုးတက်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ကျေးရွာချင်းဆက်၊ မြို့နယ်ချင်းဆက်နှင့် ခရိုင်ချင်းဆက်သည့်လမ်းများကို နိုင်ငံတော်က ဖောက်လုပ်ပေးခဲ့သည်။ ကျေးလက်ဒေသနှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ မြစ်ကူးချောင်းကူးတံတားများ တည်ဆောက်ပေးခဲ့ရာ ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေပြီ ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်တွင်လည်း ပူတာအိုမြို့နယ် ထဝါဒမ်းကျေးရွာအနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူးကြိုးတံတားကို တည်ဆောက်ပေးခဲ့သည်။ ယခုအခါ အဆိုပါတံတား၏ ပေါင်းကူးဆက်သွယ်ပေးမှုကြောင့် ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နန့်ခမ်း-မချမ်းဘော-နောင်မွန်တို့ကို ကားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီ ဖြစ်သည်။

မချမ်းဘောမြို့နယ်နှင့် ပူတာအိုမြို့နယ်နှစ်ခု ဆက်သွယ်ပေးထားသည့် မလိခကြိုးတံတားသည် ဒေသခံပြည်သူများအတွက် လမ်းပန်း ဆက်သွယ်မှုလွယ်ကူစေပြီး တိုင်းရင်းသားများအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မာစေခဲ့သည်။

ပူတာအိုမြို့နယ် အထက်ဆန်ဂေါင်ကျေးရွာအနီး ပူတာအို-မန်စေခွန်-ဇီယာဒမ်းလမ်းသစ်ကို ပွင့်လင်းရာသီအမီပြီးစီးရန်နှင့် ဖုန်ကန်ရာဇီအထိ ဖောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပူတာအိုမြို့နယ် ဒါဂူရီဇားကျေးရွာနှင့် နမ့်ဘောင်ကျေးရွာတို့ ဆက်သွယ်တည်ဆောက်ထားသည့် မန်စေဂျစ်ကားကူးကြိုးတံတားတို့သည် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည်လည်း အဓိကကျလျက်ရှိရာ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် ဒေသပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို တိုးမြှင့်ဖော်ဆောင် သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၂-၂၀၀၉ (သောကြာနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ **အလှုသုံးမျိုးတရားတော်** (ဓမ္မစ-ဆရာတော် အရှင်ကုဝေရသာရ)
- ၈း၀၅-၂း၀၅ နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
- ၈း၁၅-၂း၁၅ VJ Choice
- ၈း၄၀-၂း၄၀ Activities in the City [မင်္ဂလာရွှေမောင်းရဲ့ သိန်း(၁၀၀၀)ဆုရှင် ဂုဏ်ပြုပွဲအခမ်းအနား]
- ၈း၅၅-၂း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀-၃း၀၀ ဟန်ကျတဲ့ စံပြစိုက်ပျိုးရေး အထူးဇုန်
- ၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၀-၃း၃၀ Art Vision (PANNAYEYAR)
- ၉း၅၅-၃း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀-၄း၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၂၀-၄း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅-၄း၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၃၀-၄း၃၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၀း၅၀-၄း၅၀ လေ့လာဆည်းပူး သင်ယူချင်စရာ RV Centre မှာ (အပိုင်း-၂)
- ၁၁း၂၀-၅း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၀-၅း၃၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
- ၁၁း၄၅-၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၅၀-၅း၅၀ ပိတုန်းရောင် ကေသာဦး အတွက်…
- ၁၂း၀၀-၆း၀၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (အရိုး၏ လူလည်အာရှသား စီးရီးမိတ်ဆက်ပွဲ)
- ၁၂း၂၅-၆း၂၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
- ၁၂း၃၅-၆း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀-၆း၄၀ Shopping Guide (ရွှေပြည်တန်မိုးထည်တိုက်)
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြို့ပင်ကောက်၌ ကျေးလက် ဂဝံလမ်းဖွင့်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့လယ်ချောင်း-ကိုင်းယားရှည် ကျေးလက် ဂဝံလမ်း အပိုင်း(၁)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ကိုရီးယားထုတ်ကုန်ပြပွဲ တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၂၅ရက်မှ ၂၈ရက်အထိ ကျင်းပမည့် Korean Products Show 2009 in Bangkok ပြပွဲသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(အောက်ပုံ)** **(အမျိုးသမီးရေးရာ)**

မြဝတီရုပ်မြင်သံကြား

၂၇-၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၂၅ ၅။ မဟာဂီတချိုကြည်မြ
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၀ ၈။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ရူပဗေဒအပိုင်း-က)
- ၅း၃၅ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၄၀ ၁၀။ ဇွတ်မလိုက်နဲ့ ဝင့်လိုက်မယ်
- ၅း၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ**(အပိုင်း-၁၀)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) အတ္တအခင်းအကျင်း(အပိုင်း-၂) နှောင်နှောင်(ဆန်းဖလားဝါး)
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၉)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကု ဆေးရုံကြီး၌ မျက်စိခွဲစိတ်ပြီး လူနာများနှင့် ခွဲစိတ်မည့်လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးမှု ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူသမ္မတနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သည့် အခမဲ့ မျက်စိခွဲစိတ်ကုသပေးမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆေးဝါးပစ္စည်းများကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးငါးထပ်ဆေးကုသဆောင်သစ်ကြီး၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ နှလုံးရောဂါစမ်းသပ်စစ်ဆေးကုသပေးခြင်း ၊ ECG စက်များအသုံးပြုလျက် စမ်းသပ်စစ်ပေးခြင်းနှင့် ဆေးကုမ္ပဏီများက အခမဲ့ ပံ့ပိုးလှူဒါန်းသည့် ဆေးဝါးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အခမဲ့ခွဲစိတ်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းတွင်လည်း မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ မြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၏ အခမဲ့ မျက်စိခွဲစိတ်ကုသပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုနှင့် Parami Foundation ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာကျော်ဝင်းက တတိယလှိုင်းပြဿနာများ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသံဝရကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ ဉာဏာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

မွန်းလွဲ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူတော်မူသည်။

ရွေးချယ်လျာထား

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း(၇) အပိုဒ်-၅၆ (ဂ)အရ ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆဋ္ဌအကြိမ် ပဥ္စမ(လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပြင့်ဆောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများက ''ဇယန္တော ဗောဓိယာမူလေ'' အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

နေ့ဆွမ်းဆက်ကပ်

ယနေ့အစည်းအဝေး ဒုတိယနေ့သို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ အလှူရှင် ဦးစစ်ငွေ-ဒေါ်အင်ကြည် (မြဘုရင်နို့ဆီ)မိသားစုက နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲမြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်ခြင်းအခမ်းအနား သံတွဲမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ကျင်းပ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ကျင်းပသည့် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော် တီးခတ်၍ ဖွင့်လှစ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် ထပ်ဆင့်လွှင့်စက်ရုံအတွင်းမှ သံတွဲမြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံနှင့် Forever Group ကုမ္ပဏီလီမိတက်မှ ဦးဝင်းမော်တို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင်MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများအား သံတွဲဒေသတစ်ဝိုက် အရုပ်အသံ ကြည်လင်စွာဖမ်းယူရရှိရေး၊ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လွှင့်နိုင်ရေးနှင့် စက်ကြံ့ခိုင်မှုထိန်းသိမ်းရေးတို့ကို မှာကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖွင့်လှစ်

အလားတူ ရခိုင်ပြည်နယ် အမ်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌လည်းMRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ပြီး အမ်းမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ ထုတ်လွှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်တင်လှိုင်က သံတွဲမြို့နှင့် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးသည်။

ဆက်လက်ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အဆိုပါ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ တပ်ဆင်ထုတ်လွှင့်ခြင်းများကို စစ်တွေမြို့၊ သံတွဲမြို့နှင့် အမ်းမြို့များ၌ ဆောင်ရွက်ပြီးဖြစ်သည့် အပြင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ထုတ်လွှင့်ဆဲ စက်ရုံများ၌ လွှင့်အားမြှင့်စက် အသစ်များ ပြောင်းလဲတိုးမြှင့် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

Information Security ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ၂၈ရက်(စနေနေ့)နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးတင်ထူးခိုင်က ''Information Security'' ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်ပြီး သတင်းအချက်အလက်များ၏ အရေးပါမှု၊ သတင်းအချက်အလက်လုံခြုံမှုကို ထိခိုက်စေနိုင်မည့် အန္တရာယ်များနှင့် ကာကွယ်မှုအစီအစဉ်များ စသည်တို့ကို ဟောပြောမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ လုပ်ငန်းအဖွဲ့အစည်းများကို ဦးဆောင်နေသူများ၊IT Managerများ၊ Network Professional များနှင့် မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် Forever Group ကုမ္ပဏီ လီမိတက်မှ ဦးဝင်းမော်တို့ MRTV-4 နှင့် ဆက်စပ် ရုပ်သံလိုင်းများ ပူးတွဲတပ်ဆင်ထုတ်လွှင့်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု သွေးလှူရှင်များ၏ သတ္တမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀နာရီတွင် အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၃၀ လာရောက်လှူဒါန်းကြသည်။

အားပေးကူညီ

အဆိုပါ လှူဒါန်းပွဲသို့ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ သွေးလှူရှင် ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် တာဝန်ရှိသူများကလည်း သွေးလှူရှင်များကို အားပေးကူညီခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုလအတွင်းရေးမှူးချုပ်၏ အာဖရိက ငါးနိုင်ငံခရီးစဉ်

တောင်အာဖရိကနိုင်ငံမှစတင်ခဲ့

ဂျီနီဗာ ဖေဖော်ဝါရီ ၂၆

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အာဖရိကငါးနိုင်ငံခရီးစဉ်၏ ပထမခရီးထောက်အဖြစ် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂအရာရှိများက ဖေဖော်ဝါရီ ၂၆ရက်၌ ပြောကြားသည်။

ခရီးဆက်မည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဖေဖော်ဝါရီ၂၅ရက်က တောင်အာဖရိကသမ္မတနှင့်တကွ ကုလသမဂ္ဂဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။ တောင်အာဖရိကနိုင်ငံ ခရီးစဉ်အပြီးတွင် မစ္စတာဘန်ကီမွန်းသည် တန်ဇန်းနီးယား၊ ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ(ဒီအာရ်စီ)၊ ရဝမ်ဒါနှင့် အီဂျစ်နိုင်ငံများသို့ ခရီးဆက်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာကွယ်ရေးထုတ်ကုန်ပစ္စည်းပြပွဲ

အာရပ်စော်ဘွားများနိုင်ငံ အဘူဒါဘီမြို့ နိုင်ငံတကာကာကွယ်ရေးထုတ်ကုန်ပစ္စည်းပြပွဲ (၂၀၀၉)ကျင်းပလျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဟားမတ်စ်အကျဉ်းသားရှစ်ဦး ဖတာလုံခြုံရေးတို့က လွှတ်ပေး

ရာမာလာ ဖေဖော်ဝါရီ ၂၆

ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ လုံခြုံရေးတပ်များက အနောက်ဘက်ကမ်းရှိ အကျဉ်းထောင်များမှ ဟားမတ်စ်အုပ်စုဝင် အချို့ကို ဖေဖော်ဝါရီ၂၄ရက် မွန်းလွဲပိုင်းကလွှတ်ပေးလိုက်ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

အနောက်ဘက်ကမ်းရှိ နာဘလပ်နှင့် တူလ်ကရင်မြို့များရှိ အကျဉ်းထောင်များမှ ဟားမတ်စ်အကျဉ်းသားရှစ်ဦးကို လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး ယင်းမှဟားမတ်စ်အုပ်စုဝင် အကျဉ်းသားများအား တဖြည်းဖြည်းချင်း လွှတ်ပေးရေးအစီအစဉ်အရ လွှတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပါလက်စတိုင်းအုပ်စုချင်း ပြန်လည်သင့်မြတ်ရေးအတွက် ဖတာနှင့် ဟားမတ်စ်အုပ်စုခေါင်းဆောင်များ ဖေဖော်ဝါရီ၂၅ရက်က တွေ့ဆုံဆွေးနွေးကြမည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရှန်ဟိုင်းဆိပ်ကမ်းတွင် ဆီးနှင်းထူထပ်စွာကျရောက်

သင်္ဘော အစင်း ၁၀၀ ခန့် သောင်တင်နေ

ရှန်ဟိုင်း ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီလလယ် နောက်ပိုင်းမှစ၍ မိုးရွာသွန်းမှုကြောင့် ဆီးနှင်းကျရောက်ခဲ့သဖြင့် ရှန်ဟိုင်းမြို့တစ်ဝိုက်၏ နိုင်ငံတကာရေကြောင်းသွားလာရေး ပြတ်တောက်သွားကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ဖေဖော်ဝါရီ ၂၃ရက်တွင် ပြောကြားသည်။

ပြတ်တောက်ခဲ့

ဂူဆွန်ကူ၊ ဝေဂါအိုကီယိုနှင့် ယန်ရှန်းဆိပ်ကမ်းများတွင် နိုင်ငံတကာသင်္ဘော ၁၀၀ခန့် နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဆိပ်ကမ်းသို့ ဝင်ရောက်မည့် အစီအစဉ်ကို ဖေဖော်ဝါရီ ၂၃ရက်တွင် ဖျက်သိမ်းခဲ့ရသည်ဟု ရှန်ဟိုင်း လူဝင်မှုကြီးကြပ်ရေး နယ်စပ် ကာကွယ်ရေးဌာနက ပြောကြားသည်။ ရေကြောင်းသွားလာရေးလုပ်ငန်း ပြတ်တောက်ခဲ့မှုသည် ယခုလအတွင်း ဆဋ္ဌမအကြိမ်ဖြစ်သည်ဟု ယင်းဌာနက ပြောကြားသည်။

ဖျက်သိမ်းခဲ့

ဂူဆွန်ကူ အနီးရှိ ကျန်ဟွာဟန်တွင် ဒေသ၏ သင်္ဘောကျောက်ချရာနေရာတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက မီတာ ၂၀၀ အတွင်း သဲကွဲစွာ မြင်နိုင်စွမ်းမရှိပေ။ နိုင်ငံတကာရေကြောင်းသွား သင်္ဘော ၄၀ ကျော် ဆိပ်ကမ်းဝင်ရောက်မည့် အစီအစဉ်များ ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နယူးယောက်လုပ်ငန်းဈေးကွက်တွင် လုပ်ငန်းသစ်ရလိုသူများတန်းစီစောင့်နေကြ

နယူးယောက် ဖေဖော်ဝါရီ ၂၆

အမေရိကန်ပြည်ထောင်စုတွင် အလုပ်လက်မဲ့ဖြစ်ပွားမှုများ မြင့်မားလာသည့် အချိန်အတွင်း နယူးယောက် ဒေသခံ လူ ၅၀၀၀ ကျော်တို့သည် အလုပ်အကိုင်သစ် ရရှိနိုးနိုး မျှော်လင့်ချက်ဖြင့် အအေးဒဏ်ကိုအန်တုကာ လုပ်ငန်းရှာပုံတော်ဖွင့်လျက်ရှိကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဈေးကွက်ဖွင့်ထား

အလုပ်သမားများကို အခကြေးငွေဖြင့် ငှားရမ်းသည့် အမျိုးသမီးများက မန်ဟက်တန်ဒေသရှိ ရာရီတန် နယူးယောက်ဟိုတယ်နှင့် မျှော်စင်တို့တွင် ဖေဖော်ဝါရီ ၂၄ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ လုပ်ငန်းဈေးကွက်များဖွင့်ထားကြသည်။ ယင်းနေရာတွင် လုပ်ငန်းသစ်များရရှိရန် မျှော်လင့်ချက်ဖြင့် လူအများအပြား တန်းစီလျက်ရှိကြသည်။ ပထမဆုံးအကြိမ်အဖြစ် စည်းရုံးသူများက အမျိုးသားများအတွက် လုပ်ငန်းဈေးကွက်ဖွင့်ထားကြသည်။

ထောက်ကူပြု

ဖော်ပြပါ အလုပ်သမားများကို အခကြေးငွေဖြင့် ငှားရမ်းသည့် အမျိုးသမီးအဖွဲ့ကို ၁၉၉၉ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမျိုးသမီးများအတွက် အလုပ်အကိုင်သစ်နှင့် ဆက်နွယ်သည့် သတင်း၊ ဗီဒီယိုနှင့် အွန်လိုင်းမှတစ်ဆင့် ကြေညာပေးခဲ့သည်။ ယင်းကြောင့် အလုပ်ရှင်များက လုပ်ငန်းပေးရန် ဆက်သွယ်လာနိုင်ရန် အထောက်အကူပြုခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံအရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၂၅၀သေဆုံး

စစ်စရိတ် ဒေါ်လာဘီလီယံ ၆၅၀ကုန်ကျခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ခုနှစ်ကတည်းက ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၂၅၀ အသက်စတေးခဲ့ကြရပြီး စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၅၀ကုန်ကျခဲ့ရသည်။

သမ္မတ ဘားရက်အိုဘားမား အနေဖြင့် အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လတွင် ရုပ်သိမ်းရန် အမိန့်ပေးဖွယ်ရှိကြောင်း အရာရှိများက ဖေဖော်ဝါရီ ၂၄ရက်တွင် ပြောကြားသည်။

ထုတ်ပြန်

ယင်းကိစ္စတွင် ဖေဖော်ဝါရီ ၂၇ရက် (ယနေ့) မြောက်ကာရိုလိုင်းနားရှိ လီဂျီယူနီစခန်းသို့ အိုဘားမား အလည်အပတ်သွားရောက်စဉ်အတွင်း တရားဝင်ကြေညာဖွယ်ရှိကြောင်း အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက ထုတ်ပြန်သည်။

လွှမ်းမိုးခဲ့

လူကြိုက်နည်းသည့် အီရတ်စစ်ပွဲက ရီပတ်ဘလီကင် သမ္မတဘုရှ်အပေါ် လင်ပုပ်ဖမ်းသကဲ့သို့ လွှမ်းမိုးခဲ့ပြီး အမေရိကန်ကွန်ဂရက်နှင့် သမ္မတအိမ်ဖြူတော်တွင် ဒီမိုကရက်တစ်တို့ ပြန်လည်နေရာရလာစေခဲ့သည်။

တပ်ရုပ်သိမ်းရေး သမ္မတ အိုဘားမား အချိန် သတ်မှတ်အမိန့်ပေးခြင်းမှာ လူကြိုက်နည်းသည့် အီရတ်စစ်ပွဲအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခု စိုက်ထူခြင်း ဖြစ်လိမ့်မည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွင်းစလန်ပြည်နယ်မြောက်ပိုင်း၌ မိုးသည်းထန် အိမ် ၃၀၀၀ ခန့်ရေလွှမ်းပြီး လူရာပေါင်းများစွာ ရေဘေးကြုံ

ဗီလီ ဖေဖော်ဝါရီ ၂၆

သြစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၄ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ် ၃၀၀၀ခန့် ရေနစ်မြုပ်ခဲ့ပြီး ဒေသခံရာပေါင်းများစွာ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း ကွင်းစလန်အရာရှိများက ပြောကြားသည်။

အလျင်အမြန်ဆောင်ရွက်

ရေလွှမ်းမှု အဆိုးရွားဆုံးဖြစ်ပွားရာအရပ်သည် အင်ဂမ်ခရိုင်အတွင်းဖြစ်ပြီး နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း၊ မြစ်ကူးတံတားအချို့ ကျိုးပြတ်ပျက်စီးခဲ့ကြောင်း သိရသည်။ မိုးမှာဆက်လက် ရွာသွန်းလျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နေရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ စချီဖိုးလ်လေဆိပ်သို့ အဆင်း၌ တူရကီလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း မြေပြင်သို့ ရှပ်တိုက်မိခဲ့သည်ကို ဖေဖော်ဝါရီ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တူရကီလေကြောင်းပိုင် ဘိုးရင်းလေယာဉ်ပျက်ကျ ကိုးဦးသေဆုံး

အမ်စတာဒမ် ဖေဖော်ဝါရီ ၂၆

တူရကီ လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်သည် ဖေဖော်ဝါရီ ၂၅ရက်က နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ စချီဖိုးလ်လေဆိပ်သို့ ဆင်းသက်စဉ် ယင်းမြို့အနီး၌ ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးအပါအဝင် ကိုးဦးသေဆုံးပြီး ၅၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၁၃၅ဦး လိုက်ပါလာခဲ့သည်။ ဒဏ်ရာရရှိသွားသူများအနက် ၂၅ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း၊ ဒဏ်ရာရရှိသွားသူများတွင် လေယာဉ်ဝန်ထမ်းများလည်း ပါဝင်လာခဲ့သည်။ လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကိုမူ အတိအကျမသိရှိရသေးကြောင်း သိရသည်။ (အင်တာနက်)

အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေး

ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အာဆီယံ + ၃ ဘဏ္ဍာရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက်က ထိုင်းနိုင်ငံ ဖူးခက်ကျွန်း၌ ကျင်းပရာ ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Korn Chatikavanij က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ + ၃ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈နာရီခွဲက အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ သီးသန့် အစည်းအဝေးကို Andaman Ballroom, Sheraton Grande Laguna, Phuket ဟိုတယ်၌ ကျင်းပရာ ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေး၌ အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့အကြား အပြန်အလှန်ငွေကြေးအထောက်အပံ့ပေးရေးဆိုင်ရာ အစီအစဉ်(ဇင်းမယ်အစီအစဉ်)၌ နိုင်ငံစုံ ပါဝင်ရေးကို လည်းကောင်း၊ ဆွေးနွေးဖက် သုံးနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်နှင့် ယင်းအစီအစဉ်တွင် ထည့်ဝင်မှု ပမာဏတို့ကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။

သဘောတူညီ

အဆိုပါဇင်းမယ်အစီအစဉ်တွင် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် သုံးနိုင်ငံတို့သည် အပြန်အလှန် ငွေကြေးအကူအညီပေးနိုင်ရန် အရေးပေါ် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာဘီလီယံ ၈၀ မှ ဘီလီယံ ၁၂၀ သို့ တိုးမြှင့်ထည့်ဝင်ကြမည်ဖြစ်ကြောင်းဆွေးနွေး ညှိနှိုင်းသဘောတူညီခဲ့ကြသည်။

နှုတ်ခွန်းဆက်

ဆက်လက်၍ အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပူးတွဲသဘာပတိများဖြစ်သော ထိုင်းနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E.Korn Chatikavanijနှင့်ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E Jeung-hyun Yoon တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Haruhiko Kuroda က ဒေသတွင်း စီးပွားရေးအခြေအနေ အလားအလာများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အခန်းကဏ္ဍကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် ဝန်ကြီးများက နိုင်ငံအလိုက် အတွေ့အကြုံများ၊ ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို လည်းကောင်း၊ အကျပ်အတည်းကို ကျော်လွှားနိုင်ရန် ဒေသတွင်းနိုင်ငံများ ချမှတ်ဆောင်ရွက်သွားကြရမည့် မက်ခရိုစီးပွားရေး မူဝါဒများနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုဆိုင်ရာ မူဝါဒများကိုလည်းကောင်း၊ ပိုမိုထိရောက် တက်ကြွသည့် ထိန်းကျောင်းကြပ်မတ်ရေးနည်းလမ်းများ၊အကျပ်အတည်း စီမံခန့်ခွဲမှုနှင့် ငွေကြေးအထောက်အပံ့ စနစ်များကို ဒေသတွင်း ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်ကိုလည်းကောင်း သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဖြည့်စွက်အကြံပြု

ဆက်လက်၍ ၂၀၀၉ခုနှစ် ဧပြီ၌ ကျင်းပမည့် ဂျီ(၂၀) ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်ပြီး လက်ရှိအခြေအနေနှင့် ပြင်ဆင်ထားချက်များကို ကိုရီးယားသမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့က တင်ပြခဲ့ကြပြီး တက်ရောက်လာကြသည့် ဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယအကြိမ်အကဲများပြုစုထားသည့် သတင်းထုတ်ပြန်ချက်(မူကြမ်း)အပေါ် အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်အတည်ပြုကြသည်။

ယင်းနောက်ညနေပိုင်းတွင် သတင်းရှင်းလင်းပွဲ ကျင်းပသည်။

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ) (သတင်းစဉ်)**

ရှားပါးစာအုပ်အရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဇီဇဝါစာအုပ်တိုက် ဖွင့်လှစ်ခြင်း(၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတိယအကြိမ် ရှားပါးစာအုပ်အရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၈ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာအုပ်အရောင်းပွဲတော်တွင် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သည့် မြန်မာ့ဂန္ထဝင် စာရေးဆရာကြီးများ၏ ဂန္ထဝင်စာစုများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သမိုင်း၊ နိုင်ငံရေး၊ အတွေးအခေါ်၊ စီးပွားရေး၊ အနုပညာနှင့် ယဉ်ကျေးမှု၊ မြန်မာစာ၊ မြန်မာမှုနှင့်မြန်မာ့အနုစာပေများ၊ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ဥပဒေပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာပညာရပ်များနှင့် ကွန်ပျူတာပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများပါဝင်သည်။ ထို့ပြင် ပညာရပ်မျိုးစုံ၊ ဘာသာစကားမျိုးစုံ အဘိဓာန်စာအုပ်များ၊ စွယ်စုံကျမ်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာအုပ်စာတမ်းများ၊ ဝိပဿနာတရားအားထုတ်ခြင်းဆိုင်ရာ ရှားပါးစာအုပ်များ၊ Books on Myanmar စာအုပ်များအပါအဝင် အင်္ဂလိပ်၊ မြန်မာစာအုပ်လေးသောင်းကျော် ခင်းကျင်းပြသ ရောင်းချမည်ဖြစ်သည်။

စာအုပ်စာတမ်းများကို အထူးသက်သာသည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးမည်ဖြစ်ပြီး မည်သည့်စာအုပ်မဆို ၁၀ ရာခိုင်နှုန်း လျှော့နှုန်းဖြင့်လည်းကောင်း၊ ကျပ်တစ်သိန်းဖိုးအထက် ဝယ်ယူသူများနှင့် စာကြည့်တိုက်များကို ၂၀ ရာခိုင်နှုန်း လျှော့နှုန်းဖြင့်လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။ ထို့ပြင် စာကြည့်တိုက်များနှင့် စာအုပ်လှူဒါန်းလိုသူများအတွက် သုတ၊ ရသ၊ ပညာပေး စာအုပ်မျိုးစုံကို ငွေကျပ် ၂၅၀၊ ငွေကျပ်၅၀၀၊ ငွေကျပ် ၉၅၀ စသည်ဖြင့်လည်း သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

ယင်းရှားပါးစာအုပ်အရောင်းပွဲတော်ကို ဇီဇဝါစာအုပ်တိုက်တည်ရှိရာ အမှတ်(၂၅) နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ရန်ကုန်မြို့၌ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရောင်းချပေးမည် ဖြစ်သည်။ ဇီဇဝါစာအုပ်တိုက်ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ စာပေမွေ့လျော်သူများ ဖုန်း-၀၁-၂၁၆၂၇၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၈-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (ပုဗ္ဗဏှသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (ရာဟုလာ)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် (ငါ့အိမ်)
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ်(ကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ)
နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဓာတ်လမ်းပမာနားဆင်စရာ (တစ်နှစ်စာအလွဲများမှသည်)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (လတပေါင်း၏ နွေဦးတေးသံ)
နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ပညာရေး အထူးအစီအစဉ်)
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (သိတတ်လိမ္မာ စာနှင့်ပညာ)
၁၆:၃၀ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(အင်္ဂလိပ်စာ)
၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ သူ့အကြိုက်သူ့အသွင်(ပြေတီဦး)
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ပေါ်က မှဲ့အမျိုးမျိုး)
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
သံစဉ်တေးသွားမေတ္တာစကား
စီးပွားရေးဦးတည်ချက်
၂၀:၃၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၀:၄၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ (အမရာ)
ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးပေးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ရန်ကုန်နောက်ဆုံးပွဲစဉ်အဖြစ် IBTC OPEN GOLF CHAMPIONSHIPS ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၇နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါ ဖွင့်ပွဲ အခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်**(အောက်ပုံ)**၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် International Beverages Trading Co.,Ltd. Executive ဒါရိုက်တာ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် ကျော်သီဟ(KM Golf Center)က သတ်မှတ်ရိုက်ချက်ထက်နှစ်ချက်လျှော့၍ ရိုက်ပြီး ရိုက်ချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မင်းနိုင်(Srixon)နှင့် အောင်ဝင်း(Srixon)တို့ကလည်း သတ်မှတ်ရိုက်ချက်ထက်တစ်ချက်စီ လျှော့ရိုက်ကြပြီး ရိုက်ချက်၇၁ ချက်စီဖြင့် ဒုတိယလိုက်နေကြကာ သိန်းဇော်မြင့်(KM Golf Center)၊ ဇော်ဇော်လတ် (Srixon) နှင့် နိုင်နိုင်လင်း (Point Golf Shop) တို့က ရိုက်ချက်၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်း

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က ရိုက်ချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရန်မျိုးအေးက ရိုက်ချက်၇၃ချက်ဖြင့် ဒုတိယလိုက်နေပြီး နေဗလဝင်းမြင့်က တတိယလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့ဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co.,Ltd.က အဓိက ကူညီပံ့ပိုးပြီး Co-sponsors များအဖြစ် KBZ Bank,Air Bagan Ltd.,Hotel Yangon, Ruby Dragon Jade and Gems Co.,Ltd.,Srixon,MGW Construction Ltd.,Myanmar Red Star International Co.,Ltd.,KM Golf Center,Accel International Co.,Ltd.(Canon),Alpine Purified Drinking Water,MY Associates Co.,Ltd., ကျားခေါင်းဘိလပ်မြေစက်ရုံ၊ Life Line Co.,Ltd. (DEHA Plus) တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩစတြေးလျတက္ကသိုလ်နှစ်ခု၏ ဒုတိယနှစ်ဝက် ကျောင်းဝင်ခွင့်အကြောင်း ဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဩစတြေးလျနိုင်ငံ Sydney မြို့ရှိ TAFE နှင့် University of Western Sydney (UWS) တို့တွင်၂၀၀၉ခုနှစ်ဒုတိယနှစ်ဝက်ကျောင်းဝင်ခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါ TAFE နှင့် UWS တို့မှ ဌာနေကိုယ်စားလှယ် ဒေါ်ချစ်ချစ်မြင့် Unique Study Abroad မှ Park Royal Hotel၌ မတ်၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီမှ မွန်းလွဲ၁နာရီအထိ ဆွေးနွေးဟောပြောမည်ဖြစ်ကာ မွန်းလွဲ၁နာရီမှ ၂နာရီအထိ မေးမြန်းသည်များကို ပြန်လည်ရှင်းပြခြင်း၊ ညနေ ၄ နာရီမှ ၅နာရီခွဲအထိ တစ်ဦးချင်း လျှောက်ထားလိုသူများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်သူများကို ကျောင်းဝင်ခွင့်လျှောက်လွှာ အခမဲ့ပေးမည်။

အသေးစိတ်သိရှိမေးမြန်းလိုသူများ ဖုန်း-၅၂၆၃၄၀၊ ၅၂၄၆၄၀၊ ၃၈၅၃၀၄တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။

Unique Study Abroad သည် ပညာရေးဝန်ဆောင်မှုကို အခကြေးငွေမယူဘဲ လူမှုရေး လုပ်ငန်းတစ်ခုအနေဖြင့် USA, UK, Canada, Australia, New Zealand နိုင်ငံများရှိ အဓိကကျောင်းကြီးများသို့ ကျောင်းတက်လိုသူများအတွက် ဆောင်ရွက်ပေးနေသည်မှာ ၁၃နှစ်ရှိပြီး နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် Unique Study Abroad ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချစ်ချစ်မြင့်သည် မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နှစ်စဉ်နိုင်ငံကြီးပေါင်းရှစ်နိုင်ငံသို့ ၁၉၉၆ ခုနှစ်မှစ၍ တစ်ဦးတည်း မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အသိအမှတ်ပြု ဖိတ်ကြားခြင်းခံရသူဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့ အပြန်အလှန် ငွေကြေးအကူအညီပေးနိုင်ရန်

အရေးပေါ် ရန်ပုံငွေအဖြစ် အမေရိကန် ဒေါ်လာဘီလီယံ ၈၀ မှ ဘီလီယံ ၁၂၀ သို့ တိုးမြှင့်ထည့်ဝင်ကြမည်

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ အမြို့မြို့အနယ်နယ်မှဒေသခံပြည်သူများ သောင်းသောင်းဖြဖြအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာ့စက်ဘီးအားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေးနှင့် မြန်မာ့စက်ဘီးအားကစားအပေါ် ပြည်သူများ ပိုမိုစိတ်ပါဝင်စားလာစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှေ့ သတ်မှတ်စုရပ်မှစတင်၍တာထွက်ယှဉ်ပြိုင်ကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ် ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမား ၆၆ဦးတို့သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမှ အမှတ်(၃) လမ်းမကြီးအတိုင်း၊ ထိုမှတစ်ဆင့် ထောက်ကြန့်၊ လှည်းကူးမြို့နယ်သို့လည်းကောင်း၊ ယင်းမှတစ်ဆင့် ပဲခူးတိုင်းအတွင်းသို့ ဝင်ရောက်လာကြပြီး ပဲခူးမြို့နယ် ဘုရားကြီး-ဝေါမြို့နယ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် စစ်တောင်းတံတား(မုပ္ပလင်)ကို ဖြတ်ကျော်ကာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့သို့ ပန်းဝင်ခဲ့ကြသည်။

ကြိုဆိုနှုတ်ဆက်အားပေး

ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်ခရီးစဉ်အတွင်း တစ်ဦးနှင့်တစ်ဦး အနိုင်မခံ၊အရှုံးမပေးစိတ်ဓာတ်ဖြင့် အကြိတ်အနယ် ရေကုန်ရေခန်း ယှဉ်ပြိုင်ကြရာ လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများက အိုးစည်ဗုံမောင်းတို့ဖြင့် တီးမှုတ်ကခုန်၍လည်းကောင်း၊ ကရင်ဒုံးယိမ်း အကတို့ဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက် အားပေးကြသည်။

ပထမနေ့

ပထမနေ့ခရီးစဉ်အတွင်း ကျိုက်ထိုမြို့နယ်သို့ သတ်မှတ်စံချိန် ၆ နာရီ သတ်မှတ်ထားသည့်အနက် ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)က (၅ နာရီ ၀၆ မိနစ် ၁၈ဒသမ ၂၅စက္ကန့်)ဖြင့်ပထမ၊ ထွန်းထွန်း(Maxxis)က (၅ နာရီ ၁၀မိနစ် ၀၅ ဒသမ၅၀စက္ကန့်)ဖြင့် ဒုတိယ၊ မင်းဝင်းလှိုင်(မွန်ပြည်နယ်)က (၅ နာရီ ၁၀ မိနစ် ၀၇ ဒသမ၂၅စက္ကန့်)ဖြင့် တတိယ၊ မျိုးလင်းအောင်(ရောဝတီတိုင်း)က (၅နာရီ ၁၀မိနစ် ၀၇ဒသမ၆၆စက္ကန့်)ဖြင့်စတုတ္ထ၊ မြင့်အေး(ဘဏ္ဍာ/အခွန်)က (၅ နာရီ ၁၀မိနစ် ၀၈ ဒသမ၅၆စက္ကန့်)ဖြင့် ပဉ္စမတို့ဖြင့် အသီးသီး ပန်းဝင်ခဲ့ကြသည်။

ဆုများကို နယ်မြေခံ တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးတောက်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ကျိုက်ထို-မော်လမြိုင်

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ၏ ကျိုက်ထို-မော်လမြိုင် ခရီးစဉ်အပိုင်း တာလွှတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၆နာရီခွဲတွင် ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့ရှိ သတ်မှတ်စုရပ်၌ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးတောက်ထွန်းက သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို တာလွှတ်ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပထမနေ့ ခရီးစဉ်အတွင်း သတ်မှတ်စံချိန် ၆နာရီ ရောက်ရှိသူ ပြိုင်ပွဲဝင်အားကစားသမား ၃၁ ဦးတို့သည် ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်အသီးသီးတို့သို့ ဖြတ်ကျော်စီးနင်း၍ မော်လမြိုင်မြို့ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်ခဲ့ကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အောင်မျိုးနိုင်(Maxxis)က (၄နာရီ ၉မိနစ် ၀၆ဒသမ ၇၄စက္ကန့်)ဖြင့် ပထမ၊ အောင်စိုးဝေ(Maxxis)က (၄နာရီ ၉မိနစ် ၀၉ဒသမ ၅၈စက္ကန့်)ဖြင့် ဒုတိယ၊ စိုင်းအောင်သန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က (၄နာရီ ၉မိနစ် ၁၄ဒသမ၄၀စက္ကန့်)ဖြင့်တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ မွန်ပြည်နယ် စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးကိုကိုလတ်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ၏ မော်လမြိုင်-ကျိုက်ထို ခရီးစဉ်အပိုင်း တာလွှတ်ပွဲကို ဖေဖော်ဝါရီ ၂၅ရက် နံနက် ၆နာရီခွဲတွင် မော်လမြိုင်မြို့ အကောက်ခွန်ရုံးရှေ့ရှိ သတ်မှတ်စုရပ်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်။

ဆုပေးအပ်

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများသည်မော်လမြိုင်မြို့အကောက်ခွန်ရုံးရှေ့မှ ပေါင်-သထုံ-ဘီးလင်း လမ်းကြောင်းအတိုင်း ဖြတ်ကျော်စီးနင်းယှဉ်ပြိုင်ကြပြီး ကျိုက်ထိုမြို့သို့ ပန်းဝင်ကြရာ လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက လက်ခုပ်ဩဘာပေး၍ သောင်းသောင်းဖြဖြ တစ်ခဲနက် ဂုဏ်ပြုကြိုဆိုကြကာ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျိုက်ထို-ရန်ကုန်

ကျိုက်ထိုမြို့၌ တစ်ညတာ ရပ်နားခဲ့ကြသော ပြိုင်ပွဲဝင် အားကစားသမားများသည် ယနေ့နံနက် ၆နာရီခွဲတွင် ကျိုက်ထို-ရန်ကုန် ခရီးစဉ်အပိုင်းကို ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့ရှိ သတ်မှတ်စုရပ်မှ စတင်၍ တာထွက်ခဲ့ကြပြီး စစ်တောင်းတံတား(မုပ္ပလင်)-ဝေါ-ဘုရားကြီး-ပဲခူး-ထောက်ကြန့်လမ်းကြောင်းအတိုင်း စီးနင်းယှဉ်ပြိုင်ကြကာ ပြိုင်ပွဲခရီးစဉ် ပြီးဆုံးရာ ရန်ကုန်တိုင်း ထောက်ကြန့် ကျွန်းအမှတ်(၂၃)ရှိ သတ်မှတ်စုရပ်သို့ အပြီးသတ် ပန်းဝင်ကြသည်။

အဆိုပါ အပြီးသတ်ပန်းဝင်ရာသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများက သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုကြပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်အားပေး

ထို့နောက် ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်း မြို့နယ်ရှိ လူငယ်အားကစား လေ့ကျင့်ရေး စခန်း (သုဝဏ္ဏ)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်စက်ဘီးဝါသနာရှင်များတက်ရောက် အားပေးကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစက်ဘီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲတွင် စုစုပေါင်း စံချိန် (၁၇နာရီ၊ ၂၃မိနစ်၊ ၃၁ဒသမ၉၆ စက္ကန့်)ဖြင့် ပထမဆုရ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)အား ငွေသားဆုကျပ်ငါးသိန်းနှင့် ပြိုင်စက်ဘီးသစ်တစ်စီးတို့ကို လည်းကောင်း၊ စုစုပေါင်းစံချိန်(၁၇နာရီ၊ ၂၇မိနစ်၊ ၀၁ဒသမ၃၆စက္ကန့်)ဖြင့် ဒုတိယဆုရ အောင်ဖြိုးဝေ(Maxxis)အား ငွေသားဆု ကျပ်လေးသိန်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ် တစ်စီးတို့ကို လည်းကောင်း၊ စုစုပေါင်း စံချိန် (၁၇နာရီ၊ ၃၁မိနစ်၊ ၁၂ဒသမ၉၁ စက္ကန့်)ဖြင့် တတိယဆုရ မင်းဝင်းလှိုင် (မွန်ပြည်နယ်)အား ငွေသားဆု ကျပ်သုံးသိန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ်တစ်စီးတို့ကိုလည်းကောင်း၊ သတ်မှတ်စံချိန်အလိုက် ဆုရရှိကြသူ ပြိုင်ပွဲဝင်အားကစားသမားများအား ငွေသားဆုများနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနထုတ် စက်ဘီးသစ်များတို့ကို လည်းကောင်း၊ စက်ဘီးနှင့်စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တောင်ဒဂုံကုမ္ပဏီလီမိတက်၏ တစ်နာရီ တန်၃၀ကျ ဆီကြိတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဘုတ်ပြင်း-ကော့သောင်း လမ်းပိုင်းရှိ ဟန်ကပြတံတားနှင့် တောင်ဒဂုံကုမ္ပဏီလီမိတက်၏ ဟန်ကပြဆီအုန်းပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေတံခွန်စခန်း စစ်မှုထမ်းဟောင်းကျေးရွာသို့ ရောက်ရှိကာ စစ်မှုထမ်းဟောင်းမိသားစုများနှင့် တွေ့ဆုံ၍အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကရသူရီမြို့ ပြည်သူ့ဆေးရုံသစ်သို့ ရောက်ရှိစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်ကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးဝင်းအတွင်း စိုက်ပျိုးထားသော ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကရသူရီမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ချောင်းကဗျာသံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကျောက်ထနောင်းတပ်နယ်သို့ရောက်ရှိပြီး တပ်မိသားစုဝင်များနှင့် တွေ့ဆုံ၍ စောင်များ၊ အဝတ်အထည်များ၊ စားစရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ပိုကောင်းကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းစိုက်ခင်းများနှင့် တိုးချဲ့ဖော်ထုတ်ထားသော ကွန်တိုစနစ်ဆီအုန်းစိုက်ခင်း မြေနေရာပြုပြင်နေမှု၊ ယုဇနကုမ္ပဏီလီမိတက်က စက်ယန္တရားကြီးများအသုံးပြု၍ ဆီသီးနှင့် အခြားကုန်ထုတ်လမ်းသစ်တိုးချဲ့ဖောက်လုပ်နေမှုနှင့် ရေနက်ဆိပ်ကမ်း တူးဖော်နေမှုများ၊ ယုဇနကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆီအုန်းခင်းများ၊ ဆောက်လုပ်လျက်ရှိသော အဆင့်မြင့်ဈေး၊ အလှပြင်ဆိုင်၊ စာကြည့်တိုက်၊ စားသောက်ဆိုင်များပါရှိသည့် လေးထပ်အဆောက်အအုံနှင့် ဩဂဲနစ်သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှုများ၊ တစ်နာရီတန် (၆၀)ကျ ဆီကြိတ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယုဇနကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆီကြိတ်စက်ရုံအခြေအနေ၊ ဆီသီးထွက်ရှိမှုနှင့် ဆီအုန်းဆီကြိတ် ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၃/၂၀၀၉)ကိုမတ် ၁၆ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။ သင်တန်းသူ အမျိုးသမီး ၃၀သာလက်ခံသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင်ရယူ၍ မတ် ၁ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

27-2 (06).pmd 1 2/27/2009, 1:39 AM

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံး အမှုဆောင်ညွှန်ကြားရေးမှူး Mr. Kari Tapiola နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရိုန်တို့ တက်ရောက်ကြပြီး ILO အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ILO အဖွဲ့၏ ဥပဒေအကြံပေးအရာရှိရုံးမှ ဥပဒေအရာရှိ Mr.Drazen Petrovic နှင့် ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီတွင် နေပြည်တော်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

စစ်တီးဝိုင်းပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က အောင်လံလွင့်မယ့် ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားကောင်း၊ မျိုးမြန်မာပြည်ရှာ စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)က ဒို့စစ်သည်၊ စံပြဒို့တပ်မတော်၊ ဒို့ရဲ့မြန်မာ့တပ်မတော်၊ပြည်သူ့သားစစ်သည်၊ ရဲသွေး ရဲမာန် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က တပ်မတော်၊ ဇာနည်အောင်စစ်သည်၊ တူယှဉ်ကာတိုက်စို့၊ စံပြဒို့တပ်မတော်၊ ကျန်ရှိနေသေးသော တာဝန်တစ်ရပ် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၁)က ပြည်သူ့သားကောင်း၊ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ရဲသွေး ရဲမာန် စစ်ချီ သီချင်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်ချီ မပခ စစ်သည်၊ တူယှဉ်ကာတိုက်စို့၊ မပခရဲ့ အာဇာနည် စစ်ချီသီချင်းများဖြင့်လည်းကောင်း၊ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့သားကောင်း၊ ရဲသွေးရဲမာန်၊ ပြည်သူ့သားစစ်သည် စစ်ချီသီချင်းများဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဖေဖော်ဝါရီ ၁၈ရက်မှ ၂၁ရက်အတွင်း တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး စာသင်ကြားနေမှုအခြေအနေ၊ ကျောင်းအဆောက်အအုံများအခြေအနေ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုအခြေအနေ၊ စာဖြေခန်း၊ စာဖြေခုံပြည့်စုံလုံလောက်မှုအခြေအနေ၊ ကျောင်းတွင်းစစ် စာမေးပွဲများ ဖြေဆိုနေမှုအခြေအနေနှင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျိုင်းတုံမြို့နယ် ပညာရေးမှူးရုံးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ပညာရေးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုမရှိစေရေးအတွက် နောက်ဆက်တွဲနားလည်မှုစာလွှာ သက်တမ်းတိုးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး (ILO)တို့သည် ယနေ့တွင် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များဆောင်ရွက်ရန် နောက်ဆက်တွဲနားလည်မှုစာလွှာကို ၁၂လ ထပ်မံသက်တမ်းတိုးခဲ့ကြောင်း သိရသည်။

တရားမျှတမှုရရှိ

အဆိုပါ နောက်ဆက်တွဲနားလည်မှုစာလွှာသည် မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုမပြုရေး တားမြစ်ထားသည့် တည်ဆဲဥပဒေများ ကျင့်သုံးမှုကို အထောက်အကူဖြစ်စေကြောင်း၊ ယင်းသည် ရန်ကုန်မြို့ရှိ ILO ဆက်သွယ်ရေးအရာရှိက အကူအညီပေးနေသည့် တိုင်ကြားချက် ယန္တရားတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲနားလည်မှုစာလွှာ၏ အပိုဒ်(၁)အရ မြန်မာနိုင်ငံသားများအနေဖြင့် အဓမ္မခိုင်းစေခြင်းခံရပါက တရားဥပဒေနှင့်အညီ တရားမျှတမှုရရှိနိုင်ပြီး တိုင်ကြားသူအတွက်လည်း အကာအကွယ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အထောက်အပံ့ဖြစ်

အဆိုပါ စာလွှာသက်တမ်းတိုး လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်က "အဓမ္မခိုင်းစေမှု မရှိစေရေးအတွက် နိုင်ငံတော်အစိုးရ အဆင့်မြင့်ပိုင်း၏ သန္နိဋ္ဌာန်ချထားမှုကို ထပ်မံအတည်ပြုသည့်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ILO တို့အကြား ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုပါကြောင်း၊ နောက်ဆက်တွဲ နားလည်မှုစာလွှာသည် အဓမ္မခိုင်းစေမှု လုံးဝမဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးခံယူချက်ရှိမှုကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ ၂၀၀၈ခုနှစ် မေလအတွင်းက အတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် နိုင်ငံသားများ၏ အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးထားပြီး အဓမ္မခိုင်းစေမှုများ တားမြစ်ကြောင်းကိုလည်း ပုဒ်မ ၃၅၉တွင် ပြဋ္ဌာန်းထားပါကြောင်း" ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**



ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ လှိုင်လင်မြို့တွင် ၅ဒီဂရီ စင်တီဂရိတ် ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ၄၈ လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ၃၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

Myanmar Amateur Open 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Myanmar Amateur Open 2009 ဂေါက်သီးရိုက် ပြိုင်ပွဲကို မတ် ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အမည်စာရင်းပေးသွင်းနိုင်

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် (H' Cap 0-12) ရှိရမည်ဖြစ်ပြီး မတ် ၁ရက် မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ကွင်း ၉မိုင်၊ ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀-၃၇၆၇၁ နှင့် ရန်ကုန်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်ကြေးဖြင့် အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် တောင်ကုတ်မြို့နယ် မီးချောင်းထိုး၊ ရန်မျိုး၊ ဆားဒုံဗွေ၊ မောင်း၊ ဖိန်ကန်ထွေ၊ ဒုံ၊ သလိန်ပြင် ကျေးရွာ ခုနစ်ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများ သွေးသားရင်းချာများပမာ မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိ ကမ္ဘာပေါ်တွင် တိုင်းပြည်ပြိုကွဲသဖြင့် ဒုက္ခပင်လယ်ဝေနေကြသည့် ပြည်သူများကို တွေ့မြင်နိုင်

ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းဖွံ့ ဖြိုးတိုးတက်ပြီး ထာဝစဉ်ခိုင်မြဲတည်တံ့ရေး

ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁၁နာရီခွဲတွင် ကိုင်းရှည်ကျေးရွာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပန္နက်စိုက်ထူ

အခမ်းအနား အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဆန်း နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းတို့သည် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်များစိုက်ထူ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်ကုတ်မြို့နယ် မီးချောင်းထိုးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မီးချောင်းထိုး၊ ရန်မျိုး၊ ဆားဒုံဗွေ၊ မောင်း၊ ဖိန်ကန်ထွေ၊ ဒုံ၊ သလိန်ပြင်စသည့် ကျေးရွာ ခုနစ်ရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် မီးချောင်းထိုး၊ ရန်မျိုး၊ ဆားဒုံဗွေ၊ ဖိန်ကန်ထွေ၊ ဒုံ၊ သလိန်ပြင်စသည့် ကျေးရွာခြောက်ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ရွာလျှင် ငွေကျပ် လေးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၂၄သိန်းကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များ အတွက် စာအုပ်စာစောင်များနှင့် ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကာကွယ်စောင့်ရှောက်

တွေ့ဆုံပွဲ၌ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် အတူတကွ မိသားစုများအဖြစ် ယှက်နွယ်စုစည်း နေထိုင်ခဲ့ကြသဖြင့် သွေးသားရင်းချာများပမာ ခွဲခြားမရဘဲ ချစ်ကြည် စည်းလုံးမှုဖြင့် ရပ်တည်နေထိုင်လျက်ရှိကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် တိုင်းပြည်ပြိုကွဲသဖြင့် အနိဋ္ဌာရုံဒုက္ခများ ပင်လယ်ဝေအောင်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်စိုက်ထူပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခံစားနေကြရသည့် တိုင်းပြည်နှင့် ပြည်သူများကို တွေ့မြင်နိုင်ကြမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ ထာဝစဉ်ခိုင်မြဲတည်တံ့အောင် ကြိုးပမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သုံးစွဲမကုန်နိုင်သည့် သယံဇာတ ဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး တည်ဆောက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာရောက်ရှိ ဖတ်ရှုနိုင်ရေးကို ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ကျေးရွာတိုင်းတွင် တည်ထောင်ပေးထားပြီး ယင်းစာကြည့်တိုက်များအားလုံး ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အသိဉာဏ်၊ အဆင့်အတန်းမြင့်မားသည့် ဦးနှောက်ကို အစွမ်းကုန် ပွင့်ထွန်းတိုးတက်စေရန်အတွက် စာပေဗဟုသုတ ဖတ်ရှုလေ့လာခြင်းတည်း ဟူသော အစာအာဟာရဖြင့် ပံ့ပိုးအားဖြည့် ပေးကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးစာဖတ်သည့်အလေ့အကျင့်ကောင်းများ စွဲမြဲလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဆက်လက်ထိန်းသိမ်း

ယနေ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ထားရှိပြီး ဖြစ်သည့် အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကိုဆက်လက်ထိန်းသိမ်း မြှင့်တင်သွားကြရန် အလွန်အရေးကြီးကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၂-၂၀၀၉ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အကပြိုင်ပွဲ
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ **အလျော်အစား** အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၈:၅၀ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ လက်ဆင့်ကမ်းပေးဂီတတေး
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၀ ၄။ မြန်မာစာ မြန်မာစကား
၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄:၅၀ ၆။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ရူပဗေဒဘာသာရပ်) (အပိုင်း-က)
၅:၁၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၈။ **ဆီးချိုသွေးချိုကာကွယ်ပါ** ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၅:၄၀ ၉။ အကပြိုင်ပွဲ
၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း**(အပိုင်း-၅၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၄)

ဖေဖော်ဝါရီ ၂၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦး အဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

✻ *ကျောဖုံးမှ*

အင်ဆူလင်ထုတ်ပေးမှုဖြစ်စဉ်များ ပြောင်းလဲလျက်ရှိရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများခြင်းသည် အင်ဆူလင်ထုတ်ပေးနိုင်မှုကို လျော့နည်းစေကြောင်း သိရသည်။

စိတ်ကျရောဂါ

စိတ်ထိခိုက်မှုရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၀ဦးလျှင် တစ်ဦးမှာ စိတ်ကျရောဂါနှင့် ဆီးချိုရောဂါတို့ ဖြစ်ပွားတတ်ကြကြောင်း ကိုယ်ဝန်ဆောင် အမျိုးသမီးများကို သုတေသနပြုမှုမှ တွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

❐ *ကျောဖုံးမှ*

ဂျာမနီနိုင်ငံ ဖရန့်ဖွတ်မြို့မှ သုတေသနပညာရှင်များက သစ်ပင်များ၏ ပင်စည်များ၊ အရွက်များကိုလည်း ထိုသို့နည်းဖြင့်ပြုလုပ်ကာ ဇီဝလောင်စာဆီတွင် ရောနှောအသုံးပြု၍ရနိုင်သော နည်းလမ်းကို သုတေသနပြုလျက်ရှိသည်။

တဆေးထည့်ထားသော စားသောက်ကုန်များတွင် ထွက်ပေါ်လာသည့် အင်ဇိုင်းတစ်မျိုးမှာ ဇီဝလောင်စာအဖြစ်ပြောင်းလဲအသုံးပြုရာတွင် မူလစက်သုံးဆီ သုံးဆတွင် တစ်ဆခန့် ရောနှောအသုံးပြုခြင်းပင်ဖြစ်သည်။

သုတေသနပြု

သကြားဘီးထွက်ပစ္စည်း၊ စားသုံး၍မရတော့သည့် ဆန်နှင့်ကောက်ညှင်းတို့မှ ဇီဝလောင်စာဆီထုတ်ယူနိုင်ရေး ယခုနည်းလမ်းထက် ပိုမိုချောမွေ့မည့် နည်းလမ်းကိုလည်း ဂျာမန်သုတေသနပညာရှင်များက ဆက်လက်သုတေသနပြုလျက်ရှိသည်။

အကောင်အထည်ဖော်နိုင်

ကုန်ကြမ်းပစ္စည်းဖြစ်သည့် အဆိုပါ သကြားဘီးထွက်ပစ္စည်းနှင့် စားသုံးမရတော့သည့် ဆန်နှင့်ကောက်ညှင်းတို့သည် ကမ္ဘာ့တစ်ဝန်း၌ နှစ်စဉ် တန်ချိန်သန်းနှင့်ချီပြီး ထွက်ရှိနေသဖြင့် ယင်းပစ္စည်းများမှ ဇီဝလောင်စာ ထုတ်ယူနိုင်ရေး ကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။

(အင်တာနက်)

သက်ရှည်ကျန်းမာ၊ စိတ်ဖိစီးမှုလျော့ပါးရေး နည်းလမ်းအဖြာဖြာ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ(မတ် ၂၀၀၉)ကို Medi Myanmar Group Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခသမားတော်ကြီး ဒေါက်တာခင်မောင်ဝင်းက “သက်ရှည်ကျန်းမာ၊ စိတ်ဖိစီးမှုလျော့ပါးရေး နည်းလမ်းအဖြာဖြာ” Healthy and Stress Free Life Style ခေါင်းစဉ်ဖြင့် ယခုကဲ့သို့ ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်တွင် စီးပွားရေး လုပ်ငန်းရှင်ကြီးများအနေဖြင့် စိတ်ဖိစီးမှု (Stress)များကို မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းများဖြင့် ဖြေလျော့သွားနိုင်ကြောင်းကို ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၁၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ် (၁၂၁)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ နှစ်တစ်ရာပြည့်တော့မည့် ဆရာထင်၊ မြင်းမူမောင်နိုင်မိုး၏ လမင်းနှင့် နေမင်း၊ အလှဆိုသည်မှာ၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၁၃)၊ ကိုကိုလှိုင်၏ ထူးထူးခြားခြား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အာရှခရီးသွားတောလား၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက မရှိမဖြစ် ရေသမိုင်းကြောင်း(၄) ဒုတိယကမ္ဘာစစ်နီးမှ တည်ဆောက်သွားတဲ့ ဂျုံးဖြူရေကန်သာ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည်အပိုင်း(၁၅)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေ ချယ်ရီမြေ(၂၄)၊သစ်လွင်မိုး၏ အမေရိကန် တပ်ဖွဲ့များ ရုပ်သိမ်းနေပြီဖြစ်တဲ့ ကာဂျစ်စတန် အခြေအနေ၊ မိုး(ပျဉ်းမနား)၏ အိုင်ဗင်ဟို၊ ဖိတ်ခြင်းဖိတ်ရင် အိတ်ထဲပဲ ဖိတ်မယ်ဆိုတဲ့ အိုဘားမားရဲ့ စီးပွားရေးပေါ်လစီ၊ ဒေါ်လာ ၈ဘီလီယံ လိမ်လည်သည်ဟု စွပ်စွဲခံရသူ သန်းကြွယ်သူဌေးကြီး ဆာအလန် စတန်းဖို့ဒ်၊ သီရိလင်္ကာမှ တမီလ်ကျားသူပုန်များ ပြိုကွဲလုနီးပါးဖြစ်လာ၊ အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတလောင်းရွေးချယ်ပွဲ၊ ရွှေဒဂုံပြား တစ်သိန်းခန့် တင်ဆောင်ထားသော ရှေးခေတ် စစ်သင်္ဘောပျက်ရှာဖွေတွေ့ရှိ၊ လေကြောင်းမြို့တော်ထဲက သူတို့နှစ်ဦး တကယ်ချစ်သွားကြပြီ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ- ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ -၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက်အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service)အမှတ် (၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

“ပန်းမျိုးဥဖိုး မတတ်နိုင်တဲ့ တောင်သူတွေအတွက် ကုန်စည်ဒိုင်က တစ်ဝက်ကျခံပေးပါမယ်”
ဦးစိုင်းထွန်းတင်
(ရှမ်းနေဝန်းကုမ္ပဏီဥက္ကဋ္ဌ၊ လားရှိုး)

“အရင်းနည်းနည်းနဲ့ အမြတ် ပိုရမယ်ဆိုတော့ စိုက်ပါမယ်”
ဦးငွေအောင်(ပန်းစိုက်တောင်သူ)
နမ့်ခိုက်ကျေးရွာ

● *ရှေ့ဖုံးမှ*

ထို့နောက် လားရှိုးမြို့ ဖွံ့ဖြိုးတိုးတက်မှုများ ရေးသားရန် စီစဉ်နေစဉ် လားရှိုးမြို့ကို မြန်မာနိုင်ငံ၏ ဒုတိယပန်းမြို့တော်အဖြစ် ဆောင်ရွက်နေကြောင်း သိရသဖြင့် ပြည်သူများအား တင်ပြနိုင်ရန်အတွက် စတင်အကောင်အထည်ဖော် စိုက်ပျိုးနေသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပန်းခြံသို့ သွားရောက် လေ့လာခဲ့သည်။ ပန်းခြံမှ ကိုယ်တိုင်အနီးကပ်ကြီးကြပ် စိုက်ပျိုးနေသော ဗိုလ်မှူးတင်ဝင်းအောင်အား မေးမြန်းကြည့်ရာ ဗိုလ်မှူးတင်ဝင်းအောင်က-

“နိုင်ငံတော်ဝန်ကြီးချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီး သွားရောက်ခဲ့စဉ် ယူနန်ပြည်နယ် ကူမင်းမြို့မှာ ပန်းအလှအမျိုးမျိုးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံအသီးသီးသို့ စိုက်ပျိုးရောင်းချနေသော ကြီးမားတဲ့ပန်းဈေးကွက်ကိုလေ့လာခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ တာဝန်ပေးချက်အရ တိုင်းစစ်ဌာနချုပ်ရဲ့အနီးကပ်ကြီးကြပ်မှုနဲ့ ယူနန်ပြည်နယ်နှင့် ရာသီဥတုချင်းတူညီတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှာ တန်ဖိုးမြင့်ပန်းများ စိုက်ပျိုးပြီး ပြည်တွင်း၌ ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းမွန်တဲ့ လုပ်ငန်းအဖြစ်ဒေသတစ်ခုလုံး လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများပါဝင်ဆောင်ရွက်လာအောင် စံနမူနာပြ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ထို့အပြင် မိသားစု တစ်ပိုင် တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ငန်းအဖြစ် မြေဧရိယာကျဉ်းကျဉ်းမှာ တန်ဖိုးမြင့် ပန်းအလှပင်များ စိုက်ပျိုးပြီး ဝင်ငွေမြင့်မားစွာရရှိရေး၊ အဆင့်အတန်းမြင့်မားသော အလှအပများကို ပြည်တွင်း၌ အသုံးပြုရန် သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနဲ့ လားရှိုးမြို့ကို ပန်းဈေးကွက်ကြီးဖြစ်အောင် ဖန်တီးပြီး မြန်မာနိုင်ငံရဲ့ ဒုတိယပန်းမြို့တော်ဖြစ်လာရေး ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ပါတယ်။

မြှုပ်နှံ

ဒီပန်းခြံအတွင်းမှာ ရေမွှေးလီလီ၊ ထယ်ဖောက်လီလီနှင့် တရုတ်ဒေဇီ



‘အဆင့်မြင့်ပန်းတွေစိုက်ဖို့ မြေနေရာပြင်ဆင်ထားပါတယ်’
ဦးစံလှ(ပန်းစိုက်တောင်သူ) နမ့်ခိုက်ကျေးရွာ

ဆိုပြီး ပန်းသုံးမျိုးစိုက်ပျိုးထားပါတယ်။ ရေမွှေးလီလီကို အပင် ၆၂၀၀၊ ထယ်ဖောက်လီလီကို အပင် ၄၁၀၀ နှင့် တရုတ်ဒေဇီကို အပင် ၂၀၀၀ စိုက်ပျိုးထားပါတယ်။ ရေမွှေးလီလီပန်း တစ်ဥလျှင် ပျမ်းမျှတရုတ်ငွေ ငါးယွမ်၊ မြန်မာငွေကျပ် ၉၀၀၊ ထယ်ဖောက် လီလီပန်းတစ်ဥကို တရုတ်ငွေ ၁ ဒသမ ၂ ယွမ်၊ မြန်မာငွေ ၂၁၅ ကျပ်၊ ဒေဇီပန်းတစ်ပင်လျှင် တရုတ်ငွေ ၁ ဒသမ ၅ ယွမ်၊ မြန်မာငွေကျပ် ၂၇၀ ကျပါတယ်။ အပင်သုံးမျိုးအတွက် ငွေကျပ်သိန်း ၇၀ ရင်းနှီးထားပြီး ပန်းခြံများ ပြုလုပ်ခြင်း၊ မြေပြုပြင်ခြင်း၊ ပိုးသတ်ဆေးဖိုးနဲ့ အလုပ်သမားခများအတွက် သိန်း ၂၀ စုစုပေါင်း ကျပ်သိန်း ၉၀ ရင်းနှီးမြှုပ်နှံထားပါတယ်။

အချိုးကျရောစပ်

ပန်းများစိုက်ပျိုးဖို့ တရုတ်လူမျိုး စိုက်ပျိုးရေး ပညာရှင်များထံမှ လေ့လာသင်ယူခဲ့ပြီး ကိုယ်တိုင်စိုက်ပျိုးခြင်းဖြစ်ပါတယ်။ ပန်းရုံတစ်ရုံ မြေပြုပြင်ရာမှာ မြေကို မှုန့်ညက်အောင် ပြုလုပ်ပြီး နွားချေး၊ နန်းသဲ၊ မှိုသတ်ဆေးနှင့် မြေအောင်းပိုးသတ်ဆေးများကို အချိုးကျရောစပ်ပြီး ရက်သတ္တတစ်ပတ်ခန့်ကြာအောင် ရေလောင်းပြုပြင်ထားပြီးမှ စိုက်ပျိုးခြင်းဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နည်းစနစ်ကတော့ တစ်ပင်နှင့် တစ်ပင် အပင်ကြား၊ အတန်းကြား ၁၈လက်မခြား စိုက်ပျိုးပါတယ်။ တီကောင်စွန့်ပစ်သဘာဝ မြေဩဇာရည်ကို တစ်ပတ်တစ်ကြိမ် လောင်းပေးရပါတယ်။

ရောင်းချ

တရုတ်လီလီပန်း ပန်းဥ တစ်ဥမှ ရရှိတဲ့ ပန်းခိုင်ကို တစ်ခိုင်လျှင် လက်လီဈေးကျပ် ၁၅၀၀၊ လက်ကားဈေး ကျပ် ၁၀၀၀မှ ၁၂၀၀ အထိ ရောင်းချရပါတယ်။ ပန်းလီလီတစ်ခိုင်လျှင် ပျမ်းမျှကျပ် ၁၂၀၀ နှုန်းဖြင့် ၆၂၀၀အတွက် ငွေကျပ် ၇၄ သိန်းခန့်၊ ထယ်ဖောက်လီလီတစ်ခိုင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် ၄၁၀၀ အတွက် ငွေကျပ် ၂၀ ဒသမ ၅ သိန်း၊ တရုတ်ဒေဇီပန်းတစ်ပွင့်လျှင် ကျပ် ၃၀၀နှုန်းဖြင့် ၂၀၀၀ အတွက် ငွေကျပ်ခြောက်သိန်း စုစုပေါင်းကျပ်သိန်း ၁၀၀ ဒသမ ၅သိန်း ပန်းရောင်းချရမှု တစ်ခုတည်းမှရရှိပြီး ပန်းဥတစ်ဥ စိုက်ပျိုးခြင်းမှလည်း မျိုးဥ သုံးဥအထိ ရရှိနိုင်ကာ ရေမွှေးလီလီပန်းမျိုး ၁၈၀၀၀ခန့်ရရှိပြီး မျိုးဥတန်ဖိုးမှ ကျပ်သိန်း ၁၆၀ခန့် ရရှိနိုင်ပါတယ်။ ထယ်ဖောက်လီလီပန်းမျိုးမှ မျိုးဥ ၁၂၀၀၀ ခန့်ရနိုင်ပြီး မျိုးတစ်ဥလျှင် ကျပ် ၂၀၀ နှုန်းဖြင့် ရောင်းချပါက ကျပ် ၂၄ သိန်းခန့် ရရှိနိုင်ပါတယ်။ တရုတ်ဒေဇီပန်းအနေနဲ့ ပန်းပွားနှစ်ပင်မှ သုံးပင်အထိ ရရှိနိုင်ပြီး ပျမ်းမျှ မျိုးပင်ပွား ၁၀၀၀၀ ခန့် ရရှိနိုင်ပါတယ်။ မျိုးပင်ပွားတစ်ပင်လျှင် ကျပ်၂၅၀နှုန်းဖြင့် ရောင်းချရပါက ကျပ် ၂၅သိန်းခန့်ရရှိနိုင်ပါတယ်။ ပန်းမျိုး ရောင်းခြင်းမှ စုစုပေါင်းဝင်ငွေကျပ် ၂၀၉ သိန်းခန့် ရရှိနိုင်ပါတယ်။ စိုက်ပျိုးသည့် လေး လတာကာလအတွင်း ပန်းရောင်းရ ငွေကျပ် ၁၀၀ဒသမ ၅သိန်း၊ ပန်းမျိုးရောင်းရငွေကျပ် ၂၀၉သိန်း ပေါင်း ကျပ် ၃၀၉ ဒသမ ၅သိန်း ရနိုင်ပြီး ရင်းနှီးငွေကျပ် သိန်း ၁၀၀ ခန့် ရှိတဲ့အတွက် အသားတင် ကျပ်သိန်း ၂၀၀ကျော် အကျိုးအမြတ် ရရှိနိုင်ပါတယ်”ဟုရှင်းလင်းပြောပြသည်။

လားရှိုးမြို့ ရှမ်းနေဝန်း ပန်းစိုက်ပျိုးရေးကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းထွန်းတင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်တို့အား ဆက်လက်မေးမြန်းရာ “ပန်းနဲ့ပတ်သက်ပြီး လားရှိုးမြို့က သိပ်စိတ်ဝင်စားတယ်။ လားရှိုးမြို့နယ်ထဲက ပန်းအဓိက စိုက်တဲ့ နမ့်ခိုက်ရွာ၊ မြို့ဝမ်၊ မန်အိုင်ရွာ၊ တာပွန်ရွာက တောင်သူတွေခေါ်ပြီး ပန်းစိုက်ပျိုးထားတာတွေ လေ့လာခိုင်းတယ်။ သူတို့က ယခုလက်ရှိ မေမြို့ပန်းတို့ အက်စတာပန်းတို့ စိုက်နေကြတာ၊ သူတို့က စိတ်ဝင်စားကြပေမယ့် အရင်းအနှီးများတော့ မတတ်နိုင်ကြဘူး။ မျိုးဥဖိုးမတတ်နိုင်ရင် တစ်ဝက်ကို ရှမ်းနေဝန်းကုမ္ပဏီက ကျခံပေးမယ်။ တစ်ဝက်က စိုက်သူက ခံပေါ့။ ပန်းတွေရောင်းတဲ့အချိန်ကျရင် ငွေပြန်သွင်းပေါ့။ အဲဒီရွာတွေမှာ မျိုးဥတွေရောက်လို့ စတင်လုပ်ဆောင်နေကြပါပြီ”ဟု ရှင်းလင်း ပြောကြားသွားသည်။

စတင်စိုက်ပျိုး

ယခုဆိုလျှင် လားရှိုးမြို့နယ် ပန်းစိုက်ကျေးရွာဖြစ်သည့် နမ့်ခိုက်ရွာမှ ဦးငွေအောင်တို့၊ ဦးစံလှတို့၊ မအေးညွန့်နှင့် ဒေါ်အေးလှတို့လည်း တရုတ်နိုင်ငံမှ အဆင့်မြင့် ပန်းအလှပင်များ စိုက်ပျိုးရန် မြေပြုပြင်ပြီးနေပြီး မျိုးဥတွေလည်း ရောက်ရှိလာပြီဖြစ်လို့ စတင်စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်

တန်ဖိုးမြင့်ပန်းများကို လားရှိုးဈေးကွက်မှ တစ်ဆင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပန်းစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံပြည်သူများ၊ ပန်းဝါသနာရှင်များအား စိုက်ပျိုးနည်းစနစ်များ၊ မျိုးဥပျိုးပင်များဖြန့်ဖြူးခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ တန်ဖိုးမြင့်ပန်းများကို မင်္ဂလာအခမ်းအနားများ၊ ဘွဲ့နှင်းသဘင်၊ စူပါမားကတ်များ၊ ဟိုတယ်၊ မိုတယ်များတွင် အသုံးများသဖြင့် မြို့ကြီးများမှာရှိသည့် ဟိုတယ်၊ မိုတယ်၊ စူပါမားကတ်များနှင့် ဈေးကွက်ရအောင် စတင်ချိတ်ဆက်ဆောင်ရွက်နေပြီဖြစ်သည်။

ပန်းဈေးကွက်ကြီး

ငြိမ်းချမ်းခြင်း၊ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ခြင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော လားရှိုးမြို့သည် မဝေးတော့သည့်ကာလတွင် ပန်းဈေးကွက်ကြီး ပေါ်ထွန်းလာပြီး မြန်မာနိုင်ငံ၏ ဒုတိယပန်းမြို့တော် ဖြစ်လာတော့မည်ဟုပင် ဆိုလိုက်ချင်ပါတော့သည်။ ။

(မြန်မာ့အလင်း)

လီလီ ပန်းပျိုးခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



“လားရှိုးမြို့ကို ပန်းဈေးကွက်ကြီးဖန်တီးပြီး မြန်မာနိုင်ငံရဲ့ ဒုတိယ ပန်းမြို့တော်ဖြစ်လာရေး ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ပါတယ်”
ဗိုလ်မှူးတင်ဝင်းအောင်
(အရှေ့မြောက်တိုင်းစစ်ဌာနချုပ်)

မိသားစုတစ်ပိုင် တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ငန်းအဖြစ် မြေဧရိယာကျဉ်းကျဉ်းမှာ တန်ဖိုး မြင့် ပန်းအလှပင်များ စိုက်ပျိုးပြီး ဝင်ငွေမြင့်မားစွာရရှိရေး၊ အဆင့်အတန်းမြင့်မားသော အလှအပများကို ပြည်တွင်း၌ အသုံးပြုရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် လားရှိုးမြို့ကို ပန်းဈေးကွက်ကြီးဖြစ်အောင် ဖန်တီးပြီး မြန်မာနိုင်ငံ၏ ဒုတိယပန်းမြို့ တော်ဖြစ်လာရေး ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဥပဒေပညာပေးဆွေးနွေးပွဲ

ခင်ဦး

ကျွန်မတို့ အမျိုးသမီးများ၏ စီးပွားရေး၊ပညာရေး၊ လူမှုရေး စသည့် လုပ်ငန်းကိစ္စအဝဝများကို ဦးဆောင်ပံ့ပိုးကူညီကြတဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ ဌာန၊ လုပ်ငန်းအဖွဲ့များအနက် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ကျွန်မတို့အမျိုးသမီးများဟာ အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဘဝကို လှုပ်ရှားရုန်းကန်နေကြရတဲ့ ယခုလိုအချိန်အခါမျိုးမှာ ဗဟုသုတနှင့်အသိပညာ ကြွယ်ဝမှုဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုမှာ ပါနေပါတယ်။ အိမ်မှုကိစ္စများမှ အစပြု၍ စီးပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေကြရတဲ့ အမျိုးသမီးများအဖို့ နိုင်ငံတော်မှ ချမှတ်ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို သိရှိထားဖို့ကလည်း အရေးကြီးလှပါတယ်။ ဒီလိုသိရှိဖို့အတွက် စာပေဗဟုသုတ လေ့လာလိုက်စားဖို့ လိုပါတယ်။ ဒါမှလည်း ဘာပဲလုပ်လုပ် အမှားကင်းပြီး အမှန်မြင်ကြမှာ ဖြစ်ပါတယ်။

ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဟာ အမျိုးသမီးရေးရာနှင့် သက်ဆိုင်သောဥပဒေများ၊ ပြဋ္ဌာန်းချက်များကို စုစည်းတင်ပြခြင်း၊ အမျိုးသမီးများနှင့် ပတ်သက်တဲ့ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကွန်ဗင်းရှင်းများ၊ Protocol များအား လေ့လာအကြံပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်နေတဲ့အပြင် မြို့နယ်များသို့ကွင်းဆင်း၍ ဥပဒေပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ပေးကြပါတယ်။ဒီတစ်ခါမှာတော့ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ အမျိုးသမီးများနှင့် နွေးနွေးထွေးထွေး ဆွေးနွေးနိုင်ဖို့ ခြေဦးလှည့်ခဲ့ကြပါတယ်။ ကျွန်မတို့အဖွဲ့ တိုက်ကြီးမြို့နယ်ကိုရောက်တော့ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှိုက်လှဲစွာ ခရီးဦးကြိုဆိုကြပါတယ်။ ဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ အမျိုးသမီးများကလည်း အရွယ်စုံပဲဖြစ်ပါတယ်။ အသက် (၅၅)နှစ်မှ စ၍ အသက်(၁၄)နှစ်အထိ နေရာစုံ၊အဖွဲ့အစည်းစုံကအမျိုးသမီးများကို တွေ့ရပါတယ်။ နယ်မြို့လေးဖြစ်တဲ့အတွက် အေးချမ်းဆိတ်ငြိမ်တဲ့ ပတ်ဝန်းကျင်၊ လှိုက်လှဲနွေးထွေး ပွင့်လင်းတဲ့အပြုံးများ စတဲ့ ခံစားမှုအဖုံဖုံကို ရရှိစေပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဥပဒေပညာပေး ဆွေးနွေးပွဲ ကျင်းပစဉ်။

စိတ်ရောကိုယ်ပါ အားတက်သရော လာရောက်နေကြတဲ့ အမျိုးသမီးများကိုကြည့်ပြီး ပီတိဖြစ်မိပါတယ်။ ဆွေးနွေးပွဲမှာ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက အဖွင့်အမှာစကား ပြောကြားပါတယ်။ လာရောက်နားထောင်ကြတဲ့ အမျိုးသမီး ၁၀၂ဦးကို အုပ်စုလေးစု ခွဲလိုက်ပါတယ်။

ပထမဦးစွာ အတွင်းရေးမှူး ဒေါ်မြင့်ဆွေက လူကုန်ကူးမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအကြောင်းကို ဆွေးနွေးပါတယ်။ ဆရာမက "လူကုန်ကူးခြင်း၏ သမိုင်းကြောင်းဟာ ယခုမှ ပေါ်ပေါက်လာတဲ့ ပြဿနာ မဟုတ်ကြောင်း၊ ၁၄ ရာစုနှစ်များမှစ၍ ကျေးကျွန်ရောင်းဝယ်သည့် စနစ် ထွန်းကားခဲ့ကြောင်း၊ ၁၆ ရာစုနှင့် ၁၇ရာစုတွင် လူရောင်းဝယ်ခြင်းသည် လူ့အခွင့်အရေးကို ထိခိုက်စေသောကြောင့် ကျွန်အဖြစ် ရောင်းဝယ်ခြင်း မပြုရန် တားမြစ်ခဲ့ကြောင်းနှင့် ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ နှစ်စဉ်လူကုန်ကူးသည့် အရေအတွက်မှာ လေးသန်းခန့်ရှိကြောင်း၊ ILO ၏ ခန့်မှန်းချက်က နှစ်စဉ် ၂ဒသမ ၄၅သန်းခန့်ရှိကြောင်း၊ လူကုန်ကူးခြင်းသည် နက်နဲရှုပ်ထွေးပြီး စုံစမ်းဖော်ထုတ်ရန် ခက်ခဲမှုများကြောင့် အတိအကျ မခန့်မှန်းနိုင်ကြောင်း။

လူကုန်ကူးမှု ဖြစ်ပွားရသည့် အကြောင်းရင်းနှစ်ချက်ရှိကြောင်း၊တွန်းအားပေးခြင်းနှင့် ဆွဲအားဖြစ်ပေါ်စေခြင်းတို့ဖြစ်ကြောင်း၊ တွန်းအားပေးခြင်းများကတော့ ဆင်းရဲမွဲတေခြင်း၊ ပညာအရည်အချင်းကင်းမဲ့ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျားမခွဲခြားဆက်ဆံခြင်း၊ မိသားစုအတွင်း ညှဉ်းပန်းနှိပ်စက်မှုခံရခြင်း၊ မိဘများကိုယ်တိုင် ဆင်းရဲကျပ်တည်းမှုဒဏ်ကို မခံနိုင်၍ မဆိုစလောက် ငွေကြေးဖြင့် ရောင်းစားခြင်းတို့ဖြစ်ပြီး ဆွဲအားဖြစ်ပေါ်စေခြင်း အကြောင်းရင်းများကတော့ အလုပ်အကိုင် အခွင့်အလမ်း ဝင်ငွေရရှိရန် မျှော်လင့်ချက်ပေးခြင်း၊ လူကုန်ကူးသူများသည် လူကုန်ကူးခံရသူများကို တရားမဝင် အလုပ်သမားများအဖြစ် ခိုင်းစေကြခြင်း၊ ဤသို့ ခိုင်းစေခြင်းသည် တရားဝင်အလုပ်သမားများထက် လုပ်ငန်းလည်ပတ်မှုတွင် ထိန်းချုပ်ရန်လွယ်ကူခြင်း၊ စရိတ်စက သက်သာခြင်းတို့ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဒါ့အပြင် လူကုန်ကူးခံရတဲ့လူများဟာ အသတ်ခံရခြင်း၊ လက်ရောက်မှုပြုခံရခြင်းကြောင့် အပြင်းအထန် ဒဏ်ရာရခြင်း၊ အစားအသောက် ဆေးဝါးဖြတ်တောက်ခံရခြင်း၊ တရားမဝင် အကျဉ်းချခံရခြင်းကြောင့် အာဟာရချို့တဲ့ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ လွတ်လပ်စွာ မသွားနိုင်ခြင်းဆိုတဲ့ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါတယ်။ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်တဲ့ အကာအကွယ်မရှိတဲ့ ကာမဆက်ဆံခြင်းကြောင့် HIV/AIDS ရောဂါကူးစက်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းကို မလိုလားသဖြင့် အတင်းအကျပ် ကိုယ်ဝန်ပျက်ကျစေခြင်းကြောင့် မျိုးပွားစေသော ကိုယ်အင်္ဂါများကို ပျက်စီးစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများဖြစ်တဲ့ အထီးကျန်စေခြင်း၊ ကြောက်ရွံ့စေရန် သွေးဆောင်ခြင်း၊ အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခြင်းကြောင့် အထိတ်တလန့်ဖြစ်စေခြင်း၊ မိမိကိုယ်ကိုသတ်သေရန် စိတ်ပေါက်ခြင်း၊ စိတ်ကျခြင်းများ ခံစားရရှိစေပါကြောင်း ရှင်းပြခဲ့ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုများကို ထိရောက်စွာ ကာကွယ်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေပုဒ်မ-၂၄အရ အမျိုးသမီးနှင့် ကလေးသူငယ်များကို လူကုန်ကူးလျှင် အနည်းဆုံးထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရမှာ ဖြစ်ကြောင်း၊ပုဒ်မ-၂၉ အရ လူကုန်ကူးမှုကျူးလွန်ရာတွင် ကြီးလေးသောပြစ်မှုကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ခံရကြောင်း၊ ပုဒ်မ-၃၃အရ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းယူခြင်း (သို့) သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည်ကိုခံရမည့်အပြင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ (သို့) ပစ္စည်းရောင်းရငွေမှ ဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ၊ လူကုန်ကူးခြင်းခံရသူအား နစ်နာကြေးပေးရခြင်း ဆိုတဲ့ ပြစ်ဒဏ်များရရှိမှာဖြစ်ကြောင်း အသေးစိတ် ဆွေးနွေးသွားပါတယ်။

ဆက်လက်ပြီး တရားရုံးချုပ်ညွှန်ကြားရေးမှူး ဒေါ်လွင်လွင်အေးကျော်က လောင်းကစားဥပဒေများနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းလင်း ဆွေးနွေးပေးသွားပါတယ်။

"လောင်းကစားဆိုတာ မည်သူ့ကိုမျှ၊ မည်သည့် အရာကိုမျှ ကောင်းကျိုးမပြုပါဘူး၊ ဥစ္စာ၊ အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုတ်ယုတ်စေပါတယ်။ လောင်းကစားမှုကြောင့် ခိုးမှု၊ လုယက်မှုများမှအစ ရာဇဝတ်မှုများဖြစ်ပွားစေပြီး နိုင်ငံတော်တည်ငြိမ်ရေးကိုပင် ထိခိုက်စေနိုင်ပါတယ်။**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်တည်ဆောက်ရာမှာ လောင်းကစားပြုလုပ်ခြင်းဟာ အနှောင့်အယှက်အဟန့်အတားတစ်ရပ်အဖြစ်ပါဝင်လျက်ရှိတာကို ပြည်သူတစ်ရပ်လုံးနားလည်သဘောပေါက်ကြဖို့ အထူးလိုအပ်**ပါတယ်။ လောင်းကစားမှုပြုလုပ်တဲ့ကိစ္စကို အမျိုးသားတွေကပဲ ပြုလုပ်ကြတာမဟုတ်ပါဘူး။ အမျိုးသမီးတွေလည်း ပါဝင် လောင်းကစားနေကြတာ တွေ့ရပါတယ်။

၁၉၈၆ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာ လောင်းကစားဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ လောင်းကစားခြင်းဆိုတာ ကံစမ်းလောင်းကစားခြင်း၊ ကျွမ်းကျင်မှုလောင်းကစားခြင်း၊ အကောက်အစားယူ၍ လောင်းကစားခြင်း၊ အကောက်အစားမယူဘဲ လောင်းကစားခြင်းဆိုပြီး ခွဲခြားမှု မပြုတော့ဘဲ လောင်းကစားမှုမှန်သမျှ ပြစ်မှုမြောက်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါ့ကြောင့် နာရေးဖြစ်တဲ့ အိမ်မှာ ဖဲဝိုင်းထောင်တယ်ဆိုပါစို့၊ လူမပြတ်ရှိနေစေလိုတဲ့ ရည်ရွယ်ချက်နှင့် လုပ်တာဆိုပေမယ့်လည်း လောင်းကစားမှု ကျူးလွန်တာပါပဲ၊ အဲဒီ အိမ်ကို ဥပဒေအရ လောင်းကစားအိမ်အဖြစ် သတ်မှတ်နိုင်ပြီး လောင်းကစားအိမ်ကို ရောက်ရှိနေသူတွေကို ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်တယ်လို့ ဆိုရပါမယ်။

ဒါ့အပြင်အများပြည်သူဆိုင်ရာ နေရာမဟုတ်ဘဲနေအိမ်၊ဥပစာ၊ကာရံထားတဲ့ခြံဝင်း၊ ယာဉ်တစ်ခုခုအတွင်း လောင်းကစားမှု ကျူးလွန်သူတွေအတွက်ကတော့ လောင်းကစားအိမ် တစ်ခုခုအတွင်း လောင်းကစားနေမယ်၊ ရောက်ရှိနေမယ်ဆိုရင်တော့ပုဒ်မ-၁၃(က)အရ အနည်းဆုံးထောင်ဒဏ်ခြောက်လမှအများဆုံး ထောင်ဒဏ်တစ်နှစ် အထိအပြင် ထောင်ဒဏ်အပြင် ငွေဒဏ်ကျပ် (၁၀၀၀)အထိ ချမှတ်ခြင်းခံရပါမယ်။ ဒီပြစ်မှုကိုထပ်ပြီးကျူးလွန် သူတွေကိုတော့ အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ဒီထောင်ဒဏ်နှင့် ငွေဒဏ်အနည်းဆုံး ကျပ်(၁၀၀၀)မှ အများဆုံး ကျပ်(၅၀၀၀)အထိ ချမှတ်ခြင်းခံရမယ်လို့ ပုဒ်မ-၁၃(ခ)မှာ ဆက်လက်ပြဋ္ဌာန်းထားပါတယ်။

၁၉၈၀ပြည့်နှစ် နောက်ပိုင်းမှာတော့ ချဲထီ၊ နှစ်လုံး၊ သုံးလုံးစတဲ့ ကံစမ်းကစားနည်းတွေဟာ တော်တော်လေး ခေတ်စားလာတာ တွေ့ရပါတယ်။နံနက်ဈေးဝယ်ထွက်လို့ ဈေးထဲရောက်တဲ့အခါမှာလည်း ဒီဂဏန်းတွေအကြောင်းကြားရတယ်။ ညနေပိုင်းမှာလည်း ဂဏန်းကိစ္စနှင့်လူတွေ ဟိုပြေးဒီပြေး တိုးတိုးတိုးတိုးနှင့် ပြောဆိုနေတာတွေကို တွေ့ရပါတယ်။ နှစ်လုံး၊ သုံးလုံး ဂဏန်းများကြောင့် ဗျာများနေကြတာပေါ့။ ဒီလောင်းကစားမှုဟာ စွဲလမ်းမှုကို ဖြစ်စေပြီး နောက်ဆုံး ရှိသမျှကုန်ပြီး ဘဝပျက်သွားတဲ့သူတွေ အများအပြားပါပဲ။ ဒါ့ကြောင့် ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေမှာ ပုဒ်မ-၁၀၊ ၁၅နှင့် ၁၆ တို့ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ရပါတယ်။လောင်းကစားမှုကို ကိုယ်တိုင်မပြုလုပ်ပေမယ့်လည်း သူများလောင်းကစားမှုပြုလုပ်ဖို့ ကိုယ်ကငွေထုတ်ချေးမယ်၊ ငွေကြေးထောက်ပံ့မယ်ဆိုရင်လည်း လောင်းကစားဥပဒေ ပုဒ်မ-၁၇(က)အရ အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှအများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ခြင်းခံရပါမယ်။

ဆရာမ ဒေါ်လွင်လွင်အေးကျော်ရဲ့ စိတ်ဝင်စားဖွယ် ရှင်းလင်းဆွေးနွေးခြင်းအပေါ်မှာ ဆွေးနွေးပွဲတက်ရောက်သူများမှ ကလေးသူငယ်တွေကို လူကြီးတွေက နှစ်လုံး၊ သုံးလုံး သွားထိုးခိုင်းတဲ့ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးကြတာကို တွေ့ရှိရပါတယ်။

နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဆိုတဲ့အတိုင်း ဆရာမကြီး ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ်ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့်ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လိုတိုရှင်းထိမိစွာ ရှင်းလင်းဆွေးနွေးပေးသွားပါတယ်။

ဆရာမကြီးက "ကလေးသူငယ်ဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃ဖြင့် ၁၉၉၃ခုနှစ်၊ဇူလိုင်လ ၁၄ရက်နေ့က ပြဋ္ဌာန်းခဲ့ကြောင်း၊ဤဥပဒေပုဒ်မ၂-(က)အရ ကလေးသူငယ်ဆိုသည်မှာ အသက်(၁၆)နှစ် မပြည့်သေးသောသူကို ဆိုကြောင်း၊ လူငယ်ဆိုသည်မှာ အသက်(၁၆) နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသော သူကို ဆိုကြောင်း၊ ပုဒ်မ(၈)တွင် ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှု ရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင် ဆက်ဆံခွင့်ရရှိရန် အခွင့်အရေးများရှိကြောင်း၊ ထို့အပြင် မိဘအုပ်ထိန်းသူတို့သည် ကလေးသူငယ်များအား ကျွေးမွေး ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးတိုးတက်ရန်၊ ပြုစုပျိုးထောင်ရေးအတွက် မူလတာဝန်ရှိသူများ ဖြစ်ကြောင်းကို ပုဒ်မ-၁၁(က)တွင် ပြဋ္ဌာန်းထားကြောင်း" တို့ကို ဥပမာများ၊ ဖြစ်စဉ်များနှင့် စိတ်ဝင်စားအောင် ရှင်းလင်းပေးပါတယ်။ အထူးသဖြင့် ဆရာမကြီးက ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းနှင့် ပတ်သက်ပြီး "ကလေးသူငယ်များအား အသုံးချ၍ ကိုယ်ကျိုးရှာသူများ၊ ခေါင်းပုံဖြတ်သူများအား ကောင်းစွာ အရေးယူနိုင်ရန်အတွက် ပုဒ်မ-၆၅နှင့် ပုဒ်မ-၆၆ တို့တွင် ပြဋ္ဌာန်းပေးထားကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များအရ ကလေးသူငယ်များအား အသက်အန္တရာယ်ဖြစ်စေသော(သို့)အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သည့် အလုပ်ကို ခိုင်းစေလျှင်ဖြစ်စေ၊ ခွင့်ပြုလျှင်ဖြစ်စေ၊ ထိုသူအား ထောင်ခြောက်လအထိ ချမှတ်နိုင်ကြောင်း၊ ကလေးသူငယ်အား အရက်ဆိုင်သို့ခေါ်သွားခြင်း၊ ဝင်ခွင့်ပြုခြင်း၊ အရက်ဝယ်ခိုင်းခြင်း၊ ရောင်းခိုင်းခြင်း၊ အရက်သောက်ရန် ခွင့်ပြုခြင်း၊ အရက်လုပ်ငန်းတွင် အလုပ်လုပ်ခိုင်းခြင်း မပြုလုပ်ရန်၊ ကလေးသူငယ်အား လောင်းကစားရန် တိုက်တွန်းခြင်း၊ အားပေးကူညီခြင်း မပြုလုပ်ရန်နှင့် ကလေးသူငယ်ထံမှ ပစ္စည်းအပေါင်ခံခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ထားကြောင်း။

ပုဒ်မ-၆၆တွင် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို သတ်မှတ်ထားရာ အောက်ပါကိစ္စရပ်များကို ပြုလုပ်သောသူအား ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်နိုင်ကြောင်းနှင့် ငွေဒဏ်ကိုပါ ပူးပေါင်းချမှတ်နိုင်ကြောင်း:-

- (၁၆)နှစ်မပြည့်သေးသော မိန်းကလေးသည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည်ကို တမင်လျစ်လျူရှုခြင်း၊ မိဘအုပ်ထိန်းသူတို့တွင် တာဝန်ရှိသည်။
- ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူနှင့်အတူ နေထိုင်စေရန်၊ ပေါင်းသင်းသွားလာစေရန်ခွင့်ပြုခြင်း၊ မိဘအုပ်ထိန်းသူတို့လိုက်နာရန် ဖြစ်သည်။
- ကလေးသူငယ်အား တောင်းရမ်းခိုင်းခြင်း၊ ကလေးသူငယ်ကို တစ်နည်းနည်း အသုံးပြုခြင်း။
- မိဘ၊ ဆရာ(သို့)အုပ်ထိန်းခွင့်ရှိသူက လိမ္မာစေရန် ဆုံးမခြင်းမှတစ်ပါး ကလေးသူငယ်အား တမင်နှိပ်စက်ခြင်း၊ မိဘဆရာတို့က ဆုံးမရာတွင် ကလေးသူငယ်အား အလွန်အကျွံဒဏ်ပေးခြင်း၊ ရိုက်နှက်ခြင်းတို့ပြုလုပ်ပါက ဤပုဒ်မနှင့် ငြိစွန်းနိုင်ကြောင်း။
- ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်(သို့) မှုခင်းတစ်ရပ်ရပ်တွင် သက်သေအဖြစ်ပါဝင်သော ကလေးသူငယ် မည်သူမည်ဝါ ဖြစ်ကြောင်းကို သက်ဆိုင်ရာမှ ကြိုတင်ခွင့်ပြုချက်မရဘဲ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တို့တွင် ဖော်ပြခြင်း၊ ကလေး၏ဓာတ်ပုံကို ဖော်ပြခြင်း မပြုလုပ်ရေး သတိပြုရန်။
- ကလေးသူငယ်အား ညစ်ညမ်းသော ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား(သို့)ဓာတ်ပုံရိုက်ကူးခြင်း မပြုလုပ်ရန်။

ဤပုဒ်မ-၆၆သည် ကလေးများအား ညှဉ်းပန်းနှိုက်စက်ခြင်း၊အကြမ်းဖက်ခြင်း၊ ဂုဏ်သိက္ခာ ကျဆင်းစေခြင်းစသော အန္တရာယ်များမှ အကာအကွယ်ပေးထားခြင်းဖြစ်ကြောင်း၊ ဤဥပဒေက ပေးထားသော အခွင့်အရေးများနှင့် အကာအကွယ်ပေးထားသော အချက်များကို မိဘအုပ်ထိန်းသူနှင့်ပတ်ဝန်းကျင်သိရှိထားရန်နှင့် လိုက်နာရန် လိုအပ်ကြောင်းတို့ကို အလေးပေး ဆွေးနွေးသွားပါတယ်။

ဆရာမကြီးဆွေးနွေးလို့အပြီးမှာ တက်ရောက်လာသူများ၏ ကိုယ့်ပတ်ဝန်းကျင်က ဖြစ်စဉ်များနှင့် ကလေးများ၏ ပြဿနာများကို ဝိုင်းဝန်းမေးမြန်းကြသဖြင့် ဆွေးနွေးပွဲမှာ ပို၍မြိုင်ဆိုင်သွားပါတယ်။ နောက်ဆုံး ဆွေးနွေးပွဲအပေါ် သဘောပေါက်နားလည်မှု မည်မျှရရှိသလဲဆိုတာကို မေးခွန်းများဖြေကြားခြင်းဖြင့် အဆုံးအဖြတ် ပေးခဲ့ကြပါတယ်။ ဆုရရှိတဲ့ အမျိုးသမီးကြီး/ငယ်များ ဝမ်းသာအားရ ဆုလက်ခံရယူကြပါတယ်။

ကျွန်မတို့ ဥပဒေပညာပေးအဖွဲ့မှ ဆရာမကြီး သုံးယောက်၏ ဆွေးနွေးတင်ပြချက်များဟာ မိခင်လောင်းများ၊ မိခင်များ၊ အမျိုးသမီးများသာမက အမျိုးသားများပါ သိသင့်သိထိုက်တဲ့ သိဖို့လိုအပ်လှတဲ့ ဥပဒေဆိုင်ရာ ဗဟုသုတတွေဖြစ်ပါတယ်။

တိုက်ကြီးမြို့နယ်မှာရှိတဲ့ အမျိုးသမီးများသာမက နိုင်ငံတစ်ဝန်းအတွင်းရှိ အမျိုးသမီးများပါ သိရှိနားလည်စေရန်အတွက် ဤဆောင်းပါးဖြင့် တင်ပြလိုက်ရပါတယ်ရှင်။ ။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် တည်ဆောက်ရာမှာ လောင်းကစားပြုလုပ်ခြင်းဟာ အနှောင့်အယှက် အဟန့်အတားတစ်ရပ်အဖြစ် ပါဝင်လျက်ရှိတာကို ပြည်သူတစ်ရပ်လုံး နားလည်သဘောပေါက်ကြဖို့ အထူးလိုအပ်။

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာများက ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပညာရပ်ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဗိသုကာအသင်းမှ ပညာရပ်ဆိုင်ရာ ဟောပြောပွဲ(၀၁/၀၉)ကို မတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်နယ်မြေဝင်း)၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောမည့်အကြောင်းအရာမှာ ဗိသုကာ ဦးသော်၏ Construction Management နှင့် ဗိသုကာ ဦးမော်လင်းတို့၏ An Introduction to Modern and Post Modern Architecture တို့ဖြစ်ရာ C.P.D talk ဖြစ်သဖြင့် Registered Architect များ မပျက်မကွက် တက်ရောက်ကြရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၈၇-၆၃၅၀၀ သို့လည်းကောင်း၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နွေရာသီအခြေခံစားပွဲတင်တင်းနစ် သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် နွေရာသီ အခြေခံစားပွဲတင် တင်းနစ်သင်တန်းကို မတ် ၃ရက်မှ ဧပြီ ၁၀ရက်အထိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း ဦးဝိစာရလမ်း ဒဂုံမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ တက်ရောက်လိုသည့် သင်တန်းသား/သူများအနေဖြင့် မတ် ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၈၇၉၈၄၊ ၀၁-၃၈၇၉၈၅၊ ဦးမိုးဦးထွန်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၃၆၇၈၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)**

● *ကျောဖုံးမှ*

ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ရာ ၎င်းတို့နှစ်ဦး လေးကြိမ်တွေ့ဆုံခဲ့မှုတွင် တစ်ကြိမ်သရေကျ၍ သုံးကြိမ် အရေးနိမ့်ခဲ့ဖူးသော ဝင်းထွန်းအဖို့ အကြိုဗိုလ်လုပွဲကို

နာမည်ကြီး လက်ဝှေ့ကျော် ရွှေဆိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံ(၂၀၀၇) ရန်ကြီးအောင်။

ကျော်ဖြတ်ရန် အပြင်းအထန် ရုန်းကန်ရင်ဆိုင်ရမည့် သဘောရှိနေသည်။ သို့သော် ယခု အောင်လံလုပွဲ၏ စည်းမျဉ်း၊ စည်းကမ်းတစ်ခုတွင် ကွဲရှုံးဆုံးဖြတ်ချက်က စိန်ခေါ်ပွဲများနှင့်မတူဘဲ ပထမအချီအတွင်း၌သာ ကြိုးဝိုင်းဆရာဝန်၏ ဆေးစစ်ချက်အရ ဆက်ထိုးခွင့်မရှိသော လက်ဝှေ့သမားက အရှုံးဟု သတ်မှတ်သော်လည်း ဒုတိယအချီမှစ၍ ဉာဏ်အချီများတွင် တစ်ယောက်ယောက်ကွဲ၍ ဆေးစစ်ချက်အရ ပွဲရပ်လိုက်ရသည့်တိုင် အကွဲထိုးခံရသူလက်ဝှေ့သမားက ရမှတ်များနေလျှင် အနိုင်ရရှိသွားမည်ဖြစ်သည်။

ထိုးလုံးသတ်ပေါက်

ကြိုးဝိုင်းသမ္ဘာပိုရင့်ပြီး ထိုးလုံးသတ်ပေါက်လည်း ပိုမိုစုံလင်သော ဝင်းထွန်းအနေဖြင့် အမှတ်ယူတတ်မည် ဆိုပါက အောင်လံလုသည့်အဆင့်သို့ မျှော်လင့်၍ရနိုင်သော အနေအထားရှိနေသည်။ တွေ့မရှောင်ကလည်း ငါးချီအတွင်း ပွဲဖြတ်ပါက စိတ်ချရမည့် ယခုလိုပွဲမျိုးတွင် လီဗာကုန်တင်မည်မို့ ဗိုလ်လုပွဲတက်နိုင်ရေးပုစ္ဆာကို အရက်စက်ဆုံး၊ အကြမ်းတမ်းဆုံး တွက်နည်းများဖြင့် အဖြေရှာကြလိမ့်မည်က သေချာသည်။

အလွတ်တန်း ဒဂုံရွှေအောင်လံ ပထမနေ့ အကြိုဗိုလ်လုပွဲဖိုင်နယ်ပွဲစဉ်အဖြစ် ရွှေဆိုင်း (မြိုင်ကြီးငူ)နှင့် ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သည့် ၁၀လ ခန့်က အောင်ဆန်းအားကစားပြိုင်ပွဲရုံတွင် အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၃)၌ ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ကြပြီး သရေပွဲဖြစ်သည်။ ထိုစဉ်က ယှဉ်ပြိုင်ခဲ့ကြသော အနေအထားအရဆိုရလျှင် အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရမည့် အသွင်ဆောင်နေသော်လည်း ပထမတန်း ချန်ပီယံဆိုသည့် ဂုဏ်ပုဒ်ကို ဆုပ်ကိုင်ထားဆဲဖြစ်သော ရွှေဆိုင်းအနေဖြင့် အမှတ်ရအောင်ထိုးတတ်သော ရန်ကြီးအောင်ကို လမ်းဖွင့်ပေးလိုက် သကဲ့သို့ရှိနေမည်မို့ ငါးချီအတွင်း၌သာ ကိုယ့်ကြမ္မာကိုယ် ပိုင်အောင် ကြိုးစားရပါလိမ့်မည်။ ရန်ကြီး

ရွှေခါးပတ်ချန်ပီယံ(၂၀၀၇)ရန်ကြီးအောင်နှင့် ယှဉ်ပြိုင်မည့် မြန်မာပြည်ချန်ပီယံ(၂၀၀၅)ရွှေဆိုင်း။

အောင်ကတော့ ငယ်ဂုဏ်၊ သက်လုံအားကိုး၍ လျင်မြန်သော ရွေ့လျားမှုကို အသုံးချပြီး Non- Stop တိုက်ကွက် ဖော်ကာ အမှတ်သဲ့ယူနိုင်ရေး ကြိုးစားရမည်မို့ သူတို့နှစ်ဦးက ငယ်ဂုဏ်နှင့် မာဂုဏ်၊ Speed နှင့် Power အားပြိုင်ကြမည့် သဘောရှိသည်။

စိန်ခေါ်ပွဲ

၎င်းနေ့ အထူးငါးချီစိန်ခေါ်ပွဲများတွင် ပရိသတ်များ မျက်တောင်မခတ်တမ်း စောင့်ကြည့်ရမည့်ပွဲက စစ်သွေး(ဘီလပ်မြေစက်ရုံ)နှင့် မင်းထက်ကျော်(တိုက်ဂါး)တို့ပွဲဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၈ရက်က မွန်ပြည်နယ် လမိုင်းမြို့နယ် သောင်ပြင်ကျေးရွာ၌ ဆုံတွေ့ခဲ့ရာ စစ်သွေးက အလဲထိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ယခုပွဲက မင်းထက်ကျော်၏ မကျေပွဲဖြစ်သည်။

စစ်သွေး အနိုင်ရခဲ့သည်ဆိုသော်လည်း ကြွေတစ်လက်၊ ကြက်တစ်ခုန်ဆန်လှသော ပွဲအဖြစ် မင်းထက်ကျော် မချင့်မရဲဖြစ်ခဲ့ရခြင်းသည် ယခုပွဲကို ပို၍ပြင်းထန်သော ပြိုင်ဆိုင်မှု ဖြစ်လာစေနိုင်သည်။

ထိုစဉ်က ပထမအချီတွင် စစ်သွေး၏ ညာခြေ (Round Kick) အလွန်တွင် နောက်လှည့်ဆွဲသော ဘယ်တံတောင်ကြောင့် မင်းထက်ကျော် အမှတ်စဉ်အရေခံခဲ့ရသော်လည်း ဒုတိယအချီ၌ မင်းထက်ကျော်က ညာခြေဖြင့် ဒူးဖြတ်ကန်ကာ စစ်သွေးကို အောက်ပိုင်းအာရုံပေးထားပြီး အမြင့်ပျံ ဘယ်ပတ်ခြေကန်ချက် (Round Kick) ဖြင့် တိကျလျင်မြန်စွာ ကန်ထည့်လိုက်ရာ မေးရိုးထိမှန်၍ စစ်သွေး မလှုပ်မယှက် ပက်လက်ဖြစ်သွားသောကြောင့် အနားတောင်း ကုသရသည်။

လုံးတူဒေါက်တူ

၎င်းတို့နှစ်ဦးသည် လုံးတူ ဒေါက်တူဖြစ်ရုံမက သေသပ်လှပသော တိုက်ကွက်ဖော်ဆောင်နိုင်စွမ်းရှိချင်းလည်း တူညီနေပေရာ ဗီဒီယိုဗိုက်တင်အလား ပရိသတ်ကို ဆွဲဆောင်နိုင်ကြသော တွဲဆိုင်းဖြစ်သည်။ ပဥ္စမအချီတွင် မင်းထက်ကျော်က ရှေ့ခင်း

ထွန်းထွန်း(အဖြူရောင်သွေးသစ်) အား ရှုံးကြွေး ပြန်လည်ဆပ်မည့် ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် စောဂပရေမှူး(တွံတေး)။

ဘယ်ခြေကိုမဏ္ဍိုင်ပြု၍ နောက်ခင်းညာခြေထဲ၌ အားအပြည့်ထည့်ကာ ဘော်ဒီဝိတ်ပါပေါင်းလျက် ကြမ်းပြင်နှင့်တစ်ပြေးတည်း ဖြတ်သိမ်းကန်သည့်(စကောဝိုင်း ကန်ချက်ဟုလည်း ခေါ်ကြသည့်) ကန်ချက်ဖြင့် စစ်သွေးကို အောက်ပိုင်းရိုက်အလဲ၊ စစ်သွေးကလည်း နောက်ခင်းညာခြေကို တစ်ပြိုင်နက် ဝိုက်ကန်လိုက်ရာ နှစ်ဦးစလုံး ကြမ်းပြင်ပေါ် ခြေချင်းဆိုင်၍ ပက်လက်ကျသွားကြသည်။ ၎င်းတို့နှစ်ဦး ပစ်လဲသွားပုံက ကောင်းဘွိုင်ကားများတွင် သေနတ်ချင်းရင်ဆိုင်ပစ်ကြရာမှ နှစ်ဦးစလုံး ဦးခေါင်းပြူရာ ဆန့်ကျင်ဘက် ပက်လက်လဲကျပုံနှင့် တူလှသည်။

နှာနှပ်ယူ

ထိုဇာတ်ကွက်တွင် ပြန်ထလာနိုင်သူက မင်းသားဖြစ်နေသကဲ့သို့ ၎င်းပွဲတွင်လည်း အောက်ခြေသိမ်း အကန်ခံရ၍ လဲကျသူ စစ်သွေးက မင်းသားအဖြစ် ပြန်ထလာသော်လည်း မေးရိုးအကန်ခံလိုက်ရသူ မင်းထက်ကျော်က ပြန်မထနိုင်တော့ဘဲ နှာနှပ်ယူလိုက်ရသည်။ သို့ဖြစ်၍ သူတို့နှစ်ယောက်ပြန်အဆုံက ရင်ခုန်ဖို့ကောင်းသော အနေအထားဖြစ်နေသည်။

ပွဲသိမ်းကောင်တာ

ထို့နောက် ပြင်းထန်သော ပွဲသိမ်းကောင်တာ ညာလက်သီးပိုင်ရှင် ဒိန်း(မြန်မာသွေးသစ်)နှင့် ငယ်ဂုဏ်ရှိပြီး အသည်းမာသည့် ရွှေသိန်းအောင်(နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)တို့ပွဲက အရွယ်ငယ်သော်လည်း အစွယ်ချွန် အဆိပ်ပြင်းပုံချင်းတူကြ၍ နောက်ဆုတ်ရမည်ကို ကြောက်တတ်ကြပုံချင်းလည်းတူသော စိုးလင်းဦး(တောင်ကလေး)နှင့် သပြေညို(ဘီလပ်မြေစက်ရုံ)တို့ပွဲ၊ ကျော်ခေါက်(ဒေါင်းမြန်မာ)နှင့် ခွန်ပအိုးဝ်(အလင်းရောင်)တို့ ပွဲများကလည်း ပရိသတ်ကို ကျေနပ်မှုပေးနိုင်ကြမည်ထင်

တွေ့မရှောင်(KLN)အား ရှုံးကြွေး ပြန်လည်ဆပ်မည့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)။

သည်။ ထို့အပြင် ပရိသတ်အသိအမှတ်ပြုခံရမှ ပွဲစီစဉ်သူ ကြေးပိုပေးခြင်းကို ရရှိနိုင်မည်မို့ လက်ကုန်ရုန်းကြမည့် လူငယ်သွေးသစ် တွဲဆိုင်းသုံးဆိုင်း၏ ၄ လေးချီ အထူးပွဲလည်း ရှိနေသေးသည်။

ဒုတိယနေ့

ဒုတိယနေ့ မတ် ၁ရက်(တနင်္ဂနွေနေ့) ပထမတန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ထွန်းထွန်း (အဖြူရောင်သွေးသစ်)နှင့် စောဂပရေမှူး(တွံတေး)တို့ ယှဉ်ပြိုင်ကြမည့်ပွဲက အကြိုဗိုလ်လုပွဲ အသွင်ထက် စောဂပရေမှူး၏ မကျေပွဲဆိုသည့် အနေအထားက ပို၍စိတ်ဝင်စားဖို့ကောင်းနေသည်။ မကျေနပ်၍ အောင်လံပွဲသို့ လိုက်ကာ စိန်ခေါ်လာသော စောဂပရေမှူးအတွက် ကံတရားက မဲလိပ်ထဲမှနေ၍ ဆီမီး၌ ဆုံခွင့်ပေးလာခြင်းကို တစ်ချက်ခုတ်နှစ်ချက်ပြတ် အခွင့်အရေးယူနိုင်ဖို့လိုပေသည်။ ထို့အတွက် အလုံးအရပ်အသာ Speed နှင့် Power အားကိုး၍ သုံးချီအတွင်း ပွဲဖြတ်နိုင်ဖို့လိုကြောင်းလည်း လက်ဝှေ့ရေးရာ လေ့လာသူများက သုံးသပ်ထားသည်။ သို့မဟုတ်ပါက သမ္ဘာရင့်သော ထွန်းထွန်းက နှစ်ထပ်ရှိမှ မှတ်မိအောင် ပညာပို့ချသွားလိမ့်မည်ဟုလည်း ထင်ကြေးပေးထားသည်။

လုံးချောနှင့် စောမန်း

၎င်းနေ့ အလွတ်တန်းဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကြမည့် လုံးချော(ညောင်တုန်း)နှင့် စောမန်း (Ever Green) တို့က ယခုပွဲနှင့်ဆိုလျှင် ၁၀ကြိမ်မြောက် တွေ့ဆုံကြခြင်းဖြစ်သည်။ ခြောက်ကြိမ် သရေကျပြီး လုံးချောက နှစ်ပွဲနိုင်၊ စောမန်းက တစ်ပွဲနိုင် မှတ်တမ်းရှိထားသဖြင့် ထိုအထောက်အထားကို ကိုးကား၍ပြောရလျှင် လုံးချောပင် ဗိုလ်လုပွဲတက်သွားလိမ့်မည်ဟု ယူဆသူတို့ ရာနှုန်းများနေသည်။ ယခင်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခဲ့သော ထိုးလုံး သတ်ကွက်များကို ပြန်လည်ဆန်းစစ်မည်ဆိုလျှင်လည်း ငါးချီအတွင်း အဖြေမပေါ်ပါက တိုက်စစ် ဦးဆောင်မှုရာနှုန်းများပြီး ထိုးချက်၊ ကန်ချက်၊ ဒူးတိုက်

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)အား ထပ်မံအနိုင်ယူဦးမည့် ဩစတြေးလျားပြန် ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင်(KLN)။

ချက်များကို ဦးစားပေးလေ့ရှိသူ လုံးချောက ကောင်တာစောင့်လေ့ရှိပြီး အပူးအချုပ် အားသန်သူ စောမန်းထက် ဗိုလ်လုပွဲတက်ဖို့ အခြေအနေကောင်းလိမ့်မည်ဟု ကောက်ချက်ဆွဲကြသည်။

ကြိုတင်ပြင်ဆင်

သို့ရာတွင် စောမန်း၏ လက်ရှိလေ့ကျင့်ထားမှုနှင့် ကြိုတင်ပြင်ဆင်ထားမှုများက အခြားမည်သည့်ပွဲနှင့်မျှ မတူအောင် စိတ်တိုင်းကျရှိနေကြောင်း သိရသည်။ သို့ဖြစ်၍ ပထမတန်းလက်ဝှေ့ကျော်နှစ်ဦး (ရွှေဆိုင်းနှင့်ဝမ်ချိုင်း)တို့၏ နည်းပြဆရာအဖြစ် ပြည်ပစိန်ခေါ်ပွဲကြီးများတွင် ဆောင်ရွက်ခဲ့သူ ရိုးရိုးထွေး(ခ) မောင်ကျော်၏ နည်းစနစ်နှင့် နည်းဗျူဟာ အပြောင်းအလဲများကို စောမန်း မည်မျှပိုင်နိုင်ကျွမ်းကျင်နေပြီဆိုသည်က အကြိုဗိုလ်လုပွဲကို ကျော်မကျော် အဖြေပေါ်လာပါလိမ့်မည်။

ယှဉ်ပြိုင်ထိုးသတ်

ဒုတိယနေ့တွင်လည်း အောင်လံလုပွဲ ဆီမီးဖိုင်နယ်အပြင် လေးချီအထူးပွဲ သုံးပွဲနှင့် ငါးချီစိန်ခေါ်ပွဲ လေးပွဲ ပါရှိဦးမည်ဖြစ်ရာ နိုင်ထူးလွင်(တောင်ကလေး)နှင့် စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်)၊ စစ်အောင် (နှစ်ရှည် ဥယျာဉ်)နှင့် ကျန်စစ်အောင် (အလင်းရောင်)၊ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်)နှင့် ရှုမဝ(ဒေါင်းမြန်မာ)၊ ဝမ်းတူး (ဒေါင်းမြန်မာ)နှင့် ဘနစ်လေး (အလင်းရောင်)တို့က ငါးချီ စိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဝင်ကြေး

အထက်ပါပွဲများအတွက် ရုံဝင်ကြေး အထူးတန်း ကျပ်၈၀၀၀၊ ရိုးရိုးတန်း ကျပ် ၄၅၀၀ သတ်မှတ်ထားပြီး အထူးတန်းလက်မှတ်များကို ဓော်ပစ်တိုင်းထောင် ဗီဒီယို ၃၅လမ်း(အလယ်ဘလောက်) ဖုန်း-၃၈၇၆၅၀ နှင့် ၀၉-၅၁-၂၉၂၄၄ တို့သို့ ကြိုတင်ဆက်သွယ် ဝယ်ယူနိုင်သည်။ လက်မှတ်အတုပြုလုပ်သူများရှိနေသဖြင့် ရုံပြင်ပ (မှောင်ခိုရောင်းဝယ်သူများထံ)မှ ဝယ်ယူလာသောလက်မှတ်များနှင့် ဖိတ်ကြားလွှာများ ဝင်ခွင့်လက်မှတ်များကို စိစစ်တွေ့ရှိပါက ဝင်ခွင့်မရနိုင်ကြောင်း သတိပေးထားပြီး ပွဲကျင်းပမည့်နေ့များတွင် မွန်းလွဲ၁၂နာရီခွဲမှ ၂နာရီအထိ အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ကြိုပို့ မော်တော်ယာဉ် စီစဉ်ထားကြောင်း သတင်းစကား ပါးလိုက် ရသည်။ ။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ အဆုံးအဖြတ်ပွဲ၌ အီတန်အနိုင်ရရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၆

ဗြိတိန်ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ၌ ခရစ်အီတန်သည် ယူကရိန်းမှ ဂျိမ်းစ်ဝပ်ဒ်အား အဆုံးအဖြတ်ပွဲတွင် ၆-၃၊ ၆-၂၊ ၆-၇(၃-၇) ၂-၆၊ ၂၁-၁၉ ဖြင့် အနိုင်ရရှိပြီး တင်းနစ်မာရသွန်ခရီးရှည်ကို လျှောက်လှမ်းနိုင်ခဲ့သည်။

အီတန်၏ ၆နာရီ မိနစ်၄၀ ကြာ ယှဉ်ပြိုင်ပွဲစဉ်သည် အေတီပီတိုး တင်းနစ်ပြိုင်ပွဲကြာချိန်ထက် ခုနစ်မိနစ်ပိုကာ တင်းနစ်သမိုင်းတွင် အချိန်အကြာဆုံးပွဲစဉ်တစ်ခု ဖြစ်ခဲ့သည်။ **(အင်တာနက်)**

ဒူဘိုင်း၌ရှုံးနိမ့်သော်လည်း ကျေနပ်အစွရေး တင်းနစ်ကြယ်ပွင့် အန်ဒီရမ် ဖွင့်ဟ

လန်ဒန် ဖေဖော်ဝါရီ ၂၆

ဒူဘိုင်းတွင် ပထမအဆင့် တင်းနစ်ပြိုင်ပွဲ၌ ရှုံးနိမ့်ခဲ့သော်လည်း ကျေနပ်ကြောင်း အစွရေး တင်းနစ်ကြယ်ပွင့် အန်ဒီရမ်က ထုတ်ဖော်ပြောကြားသည်။ နှစ်ယောက်တွဲ တင်းနစ်သမားရမ်နှင့် ဇင်ဘာဘွေ ကစားဖော် ကီဗင်အူးလ်ယက်စ်သည် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ပထမအဆင့်၌ မာရက်ဆာဖင်နှင့် ဒေးဗစ်ဖာရဲရားတို့ စုံတွဲအား ၃-၆၊ ၆-၃၊ ၈-၁၀ ဖြင့် ရှုံးနိမ့်ခဲ့သည်။ **(အင်တာနက်)**

ဂေါက်သီးကြယ်ပွင့် တိုက်ဂါးဝုဒ် ဒဗလျူဂျီစီ ဂေါက်သီးရိုက်ပြိုင်ပွဲ၌ နိုင်ပွဲစတင်

လန်ဒန် ဖေဖော်ဝါရီ ၂၆

ကမ္ဘာ့အဆင့်(၁)ရှိဂေါက်သီးကြယ်ပွင့် တိုက်ဂါးဝုဒ်သည် ဒဏ်ရာမှ ပြန်လည်ကွဲ့ခိုင်လာပြီးနောက် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ကျင်းပသော ဒဗလျူဂျီစီ မက်ချ်ပလေး ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပတ်လည်အဆင့်တွင် သက်သောင့်သက်သာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုင်ပွဲစတင် ရရှိခဲ့သည်။

အနိုင်ရရှိ

ဒူးဒဏ်ရာ ခွဲစိတ်မှုကြောင့် ဂေါက်သီးရိုက်ကစားခြင်းမှ ရှစ်လခန့် အနားယူခဲ့ရသူ ဝုဒ်သည် ဩစတြေးလျမှ ဘရင်ဒန်ဂျုံးစ်အား အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

ချစ် စိုး နိုင် စု စည်း ရေး သား သည်

ကျော်ဖုံးမှ

ဖာဂူဆန်ဟာ လက်ရှိ ပရီမီယာလိဂ်ဖလားကို ကာကွယ်ဖို့အတွက် အခြေအနေကောင်းတွေနဲ့ ရှင်သန်တက်ကြွနေသလို ကားလင်းဖလားကို ရယူဖို့လည်း လက်တစ်ကမ်းအကွာ ရောက်ရှိနေပြီဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ လက်ရှိအနေအထားကိုကြည့်ရင် ပုံမှန်ခြေစွမ်းပြနိုင်နေပြီး ပွဲတိုင်း အများအယွင်းနည်းအောင် ကစားနိုင်နေပါတယ်။ ပွဲပယ်ခံထားရတဲ့ ဗီဒစ်လည်း ဒီပွဲမှာ ပါဝင်ကစားနိုင်မှာမို့ မန်ယူမှာတော့ လူစုံနေပြီဖြစ်ပါတယ်။

မန်ယူဖလား

မန်ယူအသင်းမှာ နောက်ခံလူ အီဗန်နဲ့ ရာဖေးလ်တို့ ခြေစွမ်းပြနိုင်ပြီး အီဗရာကလည်း အမှားအယွင်း နည်းတာမို့ မန်ယူခံစစ်ကြောင်းက အားကောင်းနေပါပြီ။ အမာခံဘောလုံးသမားတွေ အကုန်ကစားနိုင်တာမို့ ဖာဂူဆန်စိတ်ကြိုက် ကစားကွက်ပုံဖော်လို့ရတဲ့ အခွင့်အရေးရှိနေပါတယ်။ စပါးနဲ့ဆုံတိုင်း မန်ယူတို့ အသာစီးရခဲ့တာများလို့ ဝင်ဘာလေကွင်းမှာ ဒီနှစ်ဘောလုံးရာသီရဲ့ ဒုတိယမြောက်ဖလားကို မန်ယူဘောလုံးသမားတွေ ကိုင်မြှောက်ခွင့်ရဖို့ အခွင့်အရေးများတယ်လို့ သုံးသပ်ရပါတယ်။ မန်ယူတိုက်စစ်မှူးတွေဖြစ်တဲ့ စီရိုနယ်ဒိုက အခုအချိန်အထိ ၁၂ဂိုး၊ ရွှန်နေကရှစ်ဂိုးနဲ့ ဘာဘာတော့ဗ်က ခုနစ်ဂိုး သွင်းထားနိုင်တာဟာ စပါးခံစစ်မှူးတွေဖြစ်တဲ့ အီကိုတို၊ ဂီလ်ဘာတို၊ ဒေါ်လ်ဆင်နဲ့ ချမ်ဘွန်ဒါ တို့ သတိထားရမယ့် အနေအထားပါပဲ။

ခြေစွမ်းရှိနေ

ပရီမီယာလိဂ်ပွဲ၊ ယူအီးအက်ဖ်အေပွဲတွေနဲ့ လုံးထွေးနေပြီး သရေပွဲတွေများနေတဲ့ စပါးဘောလုံးသမားတွေလည်း သက်လုံကျသလို ဖြစ်နေပါတယ်။ ဒါကြောင့် ဝင်ဘာလေကွင်းမှာ ဒါရင်ဘန့်၊ ပက်ဗလူချင်ကိုနဲ့ လီနွန်တို့ အားကိုးနဲ့ မန်ယူကို ရင်ဆိုင်မှာဖြစ်တာမို့ မန်ယူဟာ စပါးကို လျှော့တွက်ရင် အမှားကြုံတွေ့ရနိုင်ပါတယ်။ လက်ရှိကားလင်း ဖလားချန်ပီယံစပါးကတော့ ပုံမှန်ခြေစွမ်း မရသေးတဲ့အပြင် ဖေဖော်ဝါရီ ၁၉ရက်က ယူအီးအက်ဖ်အေပွဲစဉ်အဖြစ် ရှက်တာဒိုးနက်နဲ့ ကစားတဲ့အခါ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ပေမယ့် ဟူးလ်စီးတီးကို ပရီမီယာလိဂ်ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရအောင် ကစားခဲ့တဲ့ ခြေစွမ်းရှိနေပါတယ်။ ဒါကြောင့် စပါးတို့ မန်ယူကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမှာဖြစ်ပြီး ဝင်ဘာလေကွင်းမှာ ကာလင်းဖလားကို ဘယ်သူတွေ ကိုင်မြှောက်ခွင့်ရသွားမလဲဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါကြောင်း။ ။

(အင်တာနက်)

ဂျူဗင်းတပ်စ်ကို အနိုင်ရခဲ့တာ သိပ်တော့မလွယ်ဘူး — ဂူဟစ်ဒင့်

အဝေးကွင်းမှာ ခက်ခက်ခဲခဲကစားရတော့မယ် — ရာနီရေးနီ

မောင်ချစ်ကြည် ရေးသား၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၆

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ဘောလုံးပွဲ ပထမအကျော့ ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၆ရက်မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ ချယ်လ်ဆီးက ဂျူဗင်းတပ်စ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့ပြီး လီဗာပူး

လီဗာပူးနည်းပြ ဘင်နီတက်ဇ်။

တို့ကလည်း ရီးရဲလ်မက်ဒရစ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တာမို့ အင်္ဂလန်ကလပ်အသင်းတွေ မျက်နှာပန်းလှခဲ့ကြပါတယ်။

လက်စွမ်းပြ ကာကွယ်

ချယ်လ်ဆီးနဲ့ ဂျူဗင်းတပ်စ်တို့ပွဲမှာ ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်က တိုက်စစ်မှာ ဒရော့ဘာ၊ အနယ်လ်ကာနဲ့ ကာလူးတို့ အတွဲကို လက်ကိုင်ထားသုံးစွဲခဲ့တာမို့ ဂျူဗင်းတပ်စ်နောက်တန်းကို ကျော်ဖြတ်နိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့်တွေရရှိပေမယ့် ဂျူဗင်းတပ်စ်ဂိုးသမား ဘတ်ဖွန် လက်စွမ်းပြ ကာကွယ်နိုင်ခဲ့ပါတယ်။

ချယ်လ်ဆီးရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကို ဒရော့ဘာက ၁၃မိနစ်မှာသွင်းပေးခဲ့တာမို့ နည်းပြသစ် ဂူဟစ်ဒင့်ဟာ နည်းဗျူဟာပိုင်းမှာ နိုင်နင်းတဲ့နည်းပြ အဖြစ် လက်တွေ့ ပြသနိုင်ခဲ့ပါတယ်။ ဒီပွဲအပြီးမှာ ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်က "ဂျူဗင်းတပ်စ်ကို အနိုင်ရခဲ့တာ လွယ်ကူတဲ့ ဖြစ်ရပ်တော့မဟုတ်ပါဘူး။ ချယ်လ်ဆီးအသင်းဟာ ခြေစွမ်းမြင့်မားတဲ့ ဘောလုံးသမားတွေ ရှိနေတယ်ဆိုတာ ပြသနိုင်ခဲ့ပါတယ်" လို့ ပြောကြားသွားပါတယ်။ ချယ်လ်ဆီးကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ ဂျူဗင်းတပ်စ်နည်းပြ ရာနီရေးနီကတော့ "ကျွန်တော်တို့ အနည်းဆုံး သရေပွဲ ဖြစ်သင့်ပေမယ့် ချယ်လ်ဆီးနောက်တန်းက အားကောင်းလို့ထင်သလို မဖြစ်ခဲ့ဘူး။ အဝေးကွင်းမှာ ခက်ခက်ခဲခဲရင်ဆိုင်ရတော့မှာပါ" လို့ ပြောကြားခဲ့ပါတယ်။

ဂျူဗင်းတပ်စ်နည်းပြ ရာနီရေးနီ။

ကစားအားကောင်း

ဒီလိုပါပဲ ရီးရဲလ်မက်ဒရစ်နဲ့ လီဗာပူးတို့ပွဲမှာလည်း လီဗာပူးတို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာနဲ့ ပတ်သက်ပြီး ဘင်နီတက်ဇ်က "ရီးရဲလ်မက်ဒရစ်တို့ ကစားအားကောင်းပါတယ်။ ကျွန်တော်တို့ နိုင်မယ်လို့မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာတာပါပဲ။ ကျွန်တော့်လူတွေ ကြိုးစားကြတာလည်း ပါဝင်တယ်။ အိမ်ကွင်းမှာလည်း ဖိဖိစီးစီးကစားရဦးမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

ရီးရဲလ်မက်ဒရစ်နည်းပြ ရာမို့စ်။

အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ ရီးရဲလ်မက်ဒရစ်နည်းပြ ရာမို့စ်ကလည်း "အခုလို ရှုံးပွဲကြုံရလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ လီဗာပူးဟာထင်ထားတာနဲ့ ပိုပြီး ခြေစွမ်းပြသွားနိုင်ပါတယ်။ အခုတော့ အဝေးကွင်းမှာ နောက်တစ်ဆင့်တက်နိုင်ရေး အစွမ်းကုန်ကြိုးစားရတော့မှာပါပဲ" လို့ ပြောကြားသွားပါတယ်။

စပို့တင်းနဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲမှာ ဘိုင်ယန်မြူးနစ်ရဲ့ ရီဘာရီက ပယ်နယ်တီအပါအဝင် နှစ်ဂိုး၊ ကလိုဆေးက တစ်ဂိုးနဲ့ တိုနီကနှစ်ဂိုးသွင်းယူခဲ့တာမို့ ဘိုင်ယန်မြူးနစ်တို့ ငါးဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ စပို့တင်းဟာ လက်ရှိခြေစွမ်းနဲ့ ဒုတိယအကျော့ အဝေးကွင်းမှာ ဘိုင်ယန်မြူးနစ်ကို ဂိုးဒါဇင်ဝက်အထိ သွင်းနိုင်မှ နောက်တစ်ဆင့် တက်နိုင်မှာဆိုတော့ သိပ်မလွယ်တော့ပါဘူး။

ဗီလာရီးရဲလ်နဲ့ ပနာသီနာကို့စ်တို့ပွဲမှာ ဧည့်သည်ပနာသီနာကို့စ်ရဲ့ ကာရာဂူနစ်က ၅၉မိနစ်မှာ အဖွင့်ဂိုးသွင်းယူခဲ့ပေမယ့် ၆၇ မိနစ်မှာ ပယ်နယ်တီ ပြန်အပေးခံရလို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာကြောင့် နောက်တစ်ဆင့်အတွက် ဒုတိယအကျော့မှာသာ အဆုံးအဖြတ်ပေးမှာဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

အမည်ပြောင်း

ကျွန်တော် ဦးချစ်လှိုင် ၁၂/ရကန(နိုင်)၀၂၀၃၇၉ အား ကိုကိုမောင်ကြီး ဟူ၍ပြောင်းလဲခေါ်တွင်ပါရန်မိတ်ဆွေများသို့ အသိပေးပါသည်ခင်ဗျား။

Ko Ko Maung Gyi

မွေးသက္ကရာဇ်အမှန်

အဖ ဦးဝင်းမောင်၏သား အထက (၁) အင္ဂမတန်း(B)မှ မောင်ဟန်ဝင်းအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၈-၁၉၉၅ခုနှစ် ဖြစ်ပါသည်။

UK - M

✧ SAT II (M.P.C)

✧ Polytechnics ဝင်ခွင့်သင်တန်း

NO.59. Sanchaung Street, Sanchaung Tsp .Ph-504824

မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ ဒုတိယဗိုလ်မှူးကြီးကျော်လင်းသိန်း-မေမေ ဒေါ်မြတ်သန္တာတို့၏ တစ်ဦးတည်းသောသားချစ် ဖိုးလပြည့် (ခ) ရဲရင့်လင်း၏ ၂၇-၂-၂၀၀၉ရက်တွင် ကျရောက်သည့် ခုနစ်နှစ်ပြည့် မွေးနေ့မှသည် သက်ရာကျော်တိုင် ပျော်ရွှင်ကျန်းမာ ဘေးရန်ကွာ၍ ကောင်းကျိုးဆန္ဒ ပြည့်ဝစွာဖြင့် မိဘကျေးဇူး အထူးသိတတ်သော သားမြတ်ရတနာ ဖြစ်ပါစေ။

ဘိုးဘိုး၊ ဘောင်ဘောင်၊ တီတီငယ်၊ ဦးကြီး၊ ဦးငယ်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးအုန်းကျော်-ဒေါ်ခင်ခင်ငွေး)တို့၏တစ်ဦးတည်းသောသား

မျိုးဆက်

Licenced Tour Guide (English)

B.A (Philosophy)

နှင့်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ပင်းဘောမြို့နေ

ဦးမျိုးအေး(ခ)ဦးစိုင်းအေးမောင်

(မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန/ငြိမ်း)-ဒေါ်ခင်သန်း

တို့၏သမီးကြီး

မျိုးသီတာဦး (ခ)နန်းခမ်းမျိုး

CABS (Human Resourse), Dip., of English (MUFL),

B.Sc (Physics)

တို့၏ ၂၀-၂-၂၀၀၉ရက်တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မျိုးဆက်-မျိုးသီတာဦး(ခ)နန်းခမ်းမျိုး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြဝတ်ရည်လမ်းသွယ်၊ အမှတ်(၁၁-B)၊ အေဝမ်းခြံနေ

ဦးလှမောင် (ရုံးအဖွဲ့မှူး-ငြိမ်း) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန-

ဒေါ်လှလှစု (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဌာန

တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးလမင်းမောင်

B.E (Mech), (D.S.T.A), M.E. Ph.D (Thesis)

နှင့်

ခရမ်းမြို့၊ ဗုဒ္ဓဟူးလမ်း၊ အမှတ်(၇၄/က)နေ

ဒေါက်တာဦးကိုကို-ဒေါ်တင်တင်လှ တို့၏ တစ်ဦးတည်းသောသမီး

မဖြိုးဝင့်ကိုကို LL.B

အထက်တန်းရှေ့နေ

တို့၏ ၂၂-၂-၂၀၀၉ ရက် (တနင်္ဂနွေနေ့) Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဇနီးဒေါ်တင်တင်ညွန့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဗိုလ်ချုပ်ကက်စိန် (ငြိမ်း)နှင့် ဇနီးဒေါ်ယဉ်ယဉ်မြင့်၊ ဗိုလ်ချုပ်ဟံစိန်နှင့် ဇနီးဒေါ်နုနုထွေး၊ ဗိုလ်မှူးချုပ်မောင်မြင့်၏ဇနီးဒေါ်ကြူကြူစိန်၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်၏ ဇနီးဒေါ်တင်တင်မြင့်တို့အားလည်းကောင်း၊ ရွှေဝတ်ရည်စက္ကူစက်ပိုင်ရှင် ဦးသိန်းဝင်းနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီဒေါက်တာဒေါ်ရီရီနွယ်တို့အား လည်းကောင်း၊ စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာအေးမွန်ထွန်း၊ မင်္ဂလာဖန်းကိုင်ဆောင်ပေးကြသော ဒေါက်တာသဲမွန်လနှင့် ဒေါက်တာဆုမွန်လ၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်ကြီး သက်ထွန်းဝင်းနှင့် ဗိုလ်ကြီးပြည်သိမ်းကျော်၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးသော မကေဇင်ဝင်းရှင်နှင့် မဝင်းပပလှိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ပြည်စိုးအောင်၊ မိတ်ကပ်ခင်စန်းဝင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော ဒေါ်စိမ်းမို့မို့၊ မင်္ဂလာအခမ်းအနားပန်းအလှဆင်ပေးပါသော ကိုခင်မောင်ဝင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် Digital Digest ဓာတ်ပုံနှင့် ဗီဒီယိုအဖွဲ့တို့အားလည်းကောင်း၊ Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းအားလုံးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကြီးလမင်းမောင်-မဖြိုးဝင့်ကိုကို။

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသားစုံညီအစည်းအဝေးကို မတ် ၈ ရက် နံနက်၉နာရီတွင် အသင်းရုံးတည်ရှိရာ အခန်းအမှတ် ၀၀၁ တိုက်အမှတ်-၁၄ (အေ-ဘီ) ရန်ကြီးအောင်လမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဖုန်း-၀၁-၅၄၉၃၃၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





မြောင်းမြစည်ပင် ကျွန်းတောတံတား နှစ်လမ်းသွား တိုးချဲ့

မြောင်းမြ ဖေဖော်ဝါရီ ၂၆

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ကျွန်းတောတံတား နှစ်လမ်းသွား တိုးချဲ့ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းမြင့်နှင့် အဖွဲ့ဝန်ထမ်းများ ပိုင်ရိုက်စက်ဖြင့် ကွန်ကရစ်ပိုင်တိုင်များ ရိုက်သွင်းနေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမှာစကားပြောကြား

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်း၍ (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းရီက အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်အောင်သူရဝင်း ၁၂/အလန(နိုင်)၀၃၆၁၆၇ သည် မိဘနှင့် မိသားစုတို့၏ ဂုဏ်သိက္ခာ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်းကိုသာ ပြုလုပ်လေ့ရှိသဖြင့် သွာနုတ္တသားအဖြစ် သတ်မှတ်လျက် ဤကြေညာသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဖခင်-ဦးမောင်ဝင်း

၁၂/အလန(နိုင်)၀၁၅၀၆၁

မိခင်-ဒေါ်စိန်စိန်

၁၂/အလန(နိုင်)၀၁၄၈၄၉။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မလှိုင်မြို့နယ်၊ ကျင်းရွာနေ

ဦးပေါ်ထွန်း-ဒေါ်ဒေါ်ပုတို့၏ သားငယ်

ဗိုလ်ကြီးသိန်းဇော်

B.C.Sc (D.S.A) M.C.Sc

နှင့်

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နေ

ဦးထွန်းဝေ-ဒေါ်ခင်မူအေးတို့၏ တစ်ဦးတည်းသောသမီး

ဒုဗိုလ်အောင်ခန့်ပိုင်၏ အစ်မ

မမိုးယဉ်လင်းဖြူ

B.Med. Tech (Radiography)

တို့၏ ၂၀-၂-၂၀၀၉ရက် ကျောက်တံခါးမြို့တော်ခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် စုလျားရစ်ပတ်ပေးပါသော ဦးစိုင်းဇော်ဝင်းနှင့်ဇနီး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်နှင့်ဇနီး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ကြီးလွန်းတင်နှင့်ဇနီး (စည်ပင်)၊ မော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော မြို့နယ်တရားသူကြီး ဦးခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်မြင့်မြင့်စိန်၊ မင်္ဂလာပန်းကြဲပေးပါသော မမေမြတ်နိုး၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ပေးသော မပြည့်စိုးမွန်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မသုန်သုန်ရွှေရည်ဝင်း၊ မင်္ဂလာသတို့သားအရံဗိုလ်ဇော်ဝင်းမောင်၊ မင်္ဂလာသတို့သမီးအရံ မခင်နှင်းနှင်းထွန်း၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ပန်းအလှဆင် ကိုစိုးနိုင်နှင့်အဖွဲ့၊ မင်္ဂလာတီးဝိုင်း KB-boy အဖွဲ့၊ မိတ်ကပ်ဆံပင် ဘုရင်မ၊ မင်္ဂလာဗီဒီယိုဓာတ်ပုံ ကိုဇော်အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကြီးသိန်းဇော်-မမိုးယဉ်လင်းဖြူ။

အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးကလပ် အထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးကလပ်၏ အနှစ်(၂၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ လေ့ကျင့်ရေးခန်းမတွင် ကျင်းပသည်။

သရုပ်ပြ

ရှေးဦးစွာ အမျိုးသမီး ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ရေးကလပ်အဖွဲ့များက သရုပ်ပြခြင်းနှင့် အလှည့်ကျ အားကစားနည်းအလိုက် သရုပ်ပြပွဲများကို တင်ဆက်သရုပ်ပြကြပြီး သင်တန်းနည်းပြ ဆရာများ၊ သရုပ်ပြအဖွဲ့များကို ဝိုင်းဝန်းကူညီခဲ့ကြသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွေတွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးကလပ် နာယက ဒေါ်ကြည်ကြည်စိန်၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက အလှည့်ကျ ဆုများချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။

(အား/ကာ ဦးစီး)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးသန်းရွှေ၏ သားဖြစ်သူ မောင်ရဲမြင့် မှတ်ပုံတင်အမှတ် ISN-၅၉၅၁၀၆ သည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါကြောင်း။

ဖခင်-ဦးသန်းရွှေ

မိခင်-ဒေါ်အုံးကျင်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ဈေးတန်းဟောင်းရပ်၊ ပဲခူးလမ်းနေ

ဦးဝင်းတင့်-ဒေါ်ညိုအေးတို့၏ သားကြီး

ဗိုလ်အောင်မျိုးဝင်း

B.E (Electrical Power) (D.S.T.A)

နှင့်

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ရွှေတောင်ရပ်ကွက်၊ (၃)လမ်းနေ

ဦးစိုးမင်း-ဒေါ်စန်းစန်းတို့၏သမီးထွေး

ကိုကျော်နိုင်-မခင်မိုးသူ၊ ဗိုလ်ကြီးကျော်စိုးသူ(မိတ္ထီလာမြို့)တို့၏ ညီမ

မမေရီစိုးမင်း

B.Sc (Physics)၊ ပန်းကမ္ဘာစတိုး

တို့၏ ၃၀-၁-၂၀၀၉ရက် (သောကြာနေ့)တွင် ကညွတ်ကွင်းမြို့ မြို့လယ်ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောမိဘ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အစစအရာရာ မေတ္တာဖြင့်ကူညီပံ့ပိုးပေးကြသော လူကြီးမင်းများနှင့် သူငယ်ချင်းများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်အောင်မျိုးဝင်း-မမေရီစိုးမင်း။

နိုင်ငံတကာမှခြင်း

ပန်းနွယ်သီကုံးရေးဖွဲ့ထုံးရာမှ အစပြုကာ....

အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်တွင် အိုရီဂွန်အမည်ရှိ မြို့လေးတစ်မြို့ရှိသည်။ အတန်အသင့်စည်ကားသော မြို့လေးတစ်မြို့ဖြစ်သည်။ အေးချမ်းဆိတ်ငြိမ်ပြီး သဘာဝရှုခင်းများဖြင့် သာယာလှပသည်။

ပညာသင်ကြား

ယင်းမြို့လေးတွင် အသက်၃၆နှစ်အရွယ် ဒေးဗစ်ဂျေပက်ရှ် **(ယာပုံ)** အမည်ရှိ အမျိုးသားတစ်ဦးသည် ဇနီးသည်၊ သား သမီးများနှင့်အတူ အေးချမ်းသာယာစွာ နေထိုင်လျက်ရှိသည်။ သူတို့ဇနီးမောင်နှံတွင် သားသုံးဦးနှင့် သမီးတစ်ဦးရှိသည်။ သားအကြီး နှစ်ဦးမှာ အလယ်တန်းတွင် ပညာသင်ကြားနေကြပြီး တတိယသားနှင့် အငယ်ဆုံးသမီးမှာမူ မူလတန်းတွင် ပညာသင်ယူနေသည်။

ပံ့ပိုး

ဒေးဗစ်ဂျေပက်ရှ်သည် ပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦး ဖြစ်သည်။ သူ၏ စီးပွားရေး လုပ်ငန်းမှာ အဆင်ပြေသဖြင့် မိသားစု ချောင်လည်စွာ နေထိုင် စားသောက်နိုင်ပြီး သားသမီးများ၏ ပညာရေးကိုလည်း ပြည့်စုံစွာ ပံ့ပိုးပေးနိုင်ခဲ့လေသည်။

ကြည့်ရှု

ဒေးဗစ်သည် နေ့အချိန်တွင် ပွဲရုံလုပ်ငန်း၌ အပတ်တကုတ် ကြိုးစားကာ မိသားစု စားဝတ်နေရေးအတွက်အာရုံစူးစိုက်လုပ်ကိုင်ခဲ့သည်။ သူသည် နေ့ခင်းတွင် စီးပွားရေးလုပ်ငန်း၌ အာရုံအပြည့်အဝ စူးစိုက်သကဲ့သို့ ညမိုးချုပ်သည်နှင့် မိသားစုနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ကာ တီဗွီမှ ထုတ်လွှင့်သော ရုပ်သံလိုင်းများမှ ဇာတ်လမ်းများ၊ ဗဟုသုတ ဖြစ်ဖွယ်ရာများကို တစ်ဝကြီး ကြည့်ရှုတော့သည်။

ကျူးလွန်ခဲ့မိ

ဒေးဗစ်သည်နေ့အခါတွင် မိသားစု စီးပွားရေးလုပ်ငန်း၌ လုံးဝမြှုပ်နှံထားတတ်သူဖြစ်သဖြင့်လည်း သူ၏ နိုင်ငံအတွင်းသာမက ကမ္ဘာတွင်ဖြစ်ပျက်သမျှတို့ကို အချိန်တိုအတွင်း သိရှိနိုင်သည့် ဂြိုဟ်တုစလောင်း၊ တီဗွီတို့မှ တစ်ဆင့် ကြည့်ရှုတတ်သော အလေ့အကျင့် စွဲမြဲကာ တီဗွီကို စွဲစွဲလမ်းလမ်း ခုံခုံမင်မင်ဖြစ်လာတော့သည်။ ထိုသို့ စွဲလမ်းခုံမင်ခဲ့ခြင်းကပင် အသေးအဖွဲ့ဖြစ်မှုတစ်ခုကို မရည်ရွယ်ဘဲ ကျူးလွန်ခဲ့မိသည်အထိ ဖြစ်ခဲ့ရသည်။

ထိုနေ့က ဒေးဗစ်သည် ညစာ စားသောက်ပြီး စိတ်ဝင်စားဖွယ် တီဗွီအစီ

ဒေးဗစ်သည် နေ့အချိန်တွင် ပွဲရုံလုပ်ငန်း၌ အပတ်တကုတ် ကြိုးစားကာ မိသားစု စားဝတ်နေရေးအတွက် အာရုံစူးစိုက် လုပ်ကိုင်ခဲ့ သူသည် နေ့ခင်းတွင် စီးပွားရေး လုပ်ငန်း၌ အာရုံအပြည့်အဝ စူးစိုက်သကဲ့သို့ ညမိုးချုပ်သည်နှင့် မိသားစုနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ကာ တီဗွီမှထုတ်လွှင့်သော ရုပ်သံလိုင်းများမှ ဇာတ်လမ်းများ၊ ဗဟုသုတ ဖြစ်ဖွယ်ရာများကို တစ်ဝကြီးကြည့်ရှု။

အစဉ်ကို အာရုံစူးစိုက် ကြည့်ရှုနေချိန်ဖြစ်သည်။ ထိုအချိန်တွင် မူလတန်းအထက်ဆင့်တွင် ပညာသင်ယူနေသော အသက်ကိုးနှစ်အရွယ် တတိယသားလေးသည် တီဗွီရှေ့တွင် ပိတ်ရပ်လိုက်သဖြင့် ဒေးဗစ်ကသူ၏ သားအား ဘေးဖယ်ရန် ငေါက်ငန်းလိုက်သည်။ သူ၏တတိယ သားသည် ဉာဏ်ရည်ထက်မြတ် ပညာထူးချွန်သူဖြစ်သည်။ ဒေးဗစ်သည် သာမန်အချိန်တွင် သားသမီးများအား ငေါက်ငန်းခြင်း၊ ရိုက်မောင်းပုတ်မောင်းလုပ်ခြင်းတို့ မလုပ်ပေ။ ထို့ကြောင့် သူ၏ အငေါက်ခံရသော သားငယ်မှာ စိတ်ဆိုးကာ ပေကပ်ကပ်လုပ်နေတော့သည်။ ထို့ကြောင့် ဒေးဗစ်သည် ဒေါသအနည်းငယ်ထွက်လာကာ အနီးရှိ လေသေနတ်ဖြင့် သားဖြစ်သူ၏ နောက်ပိုင်းတင်ပါးရှိ ဂျင်းဘောင်းဘီ အိတ်ကပ်နေရာကို ခပ်ဖွဖွလေး ပစ်လိုက်သည်။ ထိုအခါမှ သားဖြစ်သူက ဖယ်ပေးတော့သည်။ ဒေးဗစ်သည် ယင်းသို့ဖြစ်ပွားပြီးနောက် စီးပွားရေးလုပ်ငန်းကို နှစ်မြှုပ်လုပ်ကိုင်ရင်း ထိုဖြစ်ရပ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားတော့သည်။

တိုင်ကြား

ယခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင်မှ သက်ဆိုင်ရာ ရဲအဖွဲ့က ဒေးဗစ်အား လာရောက် ဖမ်းဆီးခဲ့သည်။ ထိုအခါမှ သူသည် သားဖြစ်သူ၏ တင်ပါးအား နာကျင်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ ခြောက်လှန့်သောသဘောနှင့် လေသေနတ်ဖြင့် ခပ်ဖွဖွပစ်ခဲ့မှုကြောင့်ဟု သိရတော့သည်။ ယင်းဖြစ်ရပ်ကို သက်ဆိုင်ရာက သိသွားရခြင်းမှာလည်း ဉာဏ်ရည်ထက်မြက်သော သားက ၎င်း၏ဆရာက ကြိုက်နှစ်သက်ရာ စာစီစာကုံးရေးခိုင်းရာတွင် ''ဖခင်က လေသေနတ်ဖြင့် ပစ်သောကြောင့် နာကျင်ခဲ့ရသော ညနေခင်း'' ဟူ၍ ပြောင်မြောက်သော စာစီစာကုံး တစ်ပုဒ်ကို ဆရာအား ရေးသား ပြသခဲ့သောကြောင့် ဖြစ်သည်။ ဆရာက ၎င်းကလေးအား ခေါ်ယူမေးမြန်းသည်တွင် ကလေးပီပီ မကွယ်မဝှက် ပြန်ပြောပြခဲ့ရာ ဆရာမှတစ်ဆင့် ရဲအဖွဲ့အား တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ခံဝန်ချုပ်ထိုး

ယင်းပြစ်မှုသည် ထောင်ဒဏ်ခြောက်နှစ်နှင့် ဒေါ်လာ၁၀၀၀၀ အထိ ဒဏ်ရိုက်နိုင်သည်ဟု ဆိုသည်။ တရားရုံးတွင် ဒေးဗစ်က ၎င်း၏ သက်တမ်းတစ်လျှောက်တွင် သားသမီးများအား နမ်းရှုတ်ခြင်း၊ ပွေ့ပိုက်ယုယခြင်းနှင့် ချော့မြူခြင်းတို့ဖြင့်သာ ပြုစုခဲ့ကြောင်း၊ ယခု ဖြစ်ရပ်မှာလည်း ထိခိုက်နာကျင်စေလိုသောသဘောဖြင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ကြောင်း၊ ယင်းဖြစ်ရပ်ဖြစ်ပြီး မိမိလုပ်ရပ်အတွက် နောင်တ အကြီးအကျယ်ရခဲ့ကြောင်း ဖြေရှင်းချက်ထုတ်ခဲ့သည်။ ထို့ကြောင့် တရားရုံးက ဒေးဗစ်အား ကလေးများကို အကြမ်းမဖက်ရန်၊ မခြိမ်းခြောက်ရန်၊ ကလေးများ၏ ခန္ဓာကိုယ်ကို ထိခိုက် နာကျင်အောင် မပြုလုပ်ရန် ခံဝန်ချုပ် ထိုးခိုင်းပြီး ဖေဖော်ဝါရီ ၂၀ရက်က ပြန်လွှတ်ပေးခဲ့သည်။

ယခုဖြစ်ရပ်တွင် ဖခင်၏ လေသေနတ်ဖြင့် ခပ်ဖွဖွပစ်မှုကို ခံခဲ့ရသည့် ဉာဏ်ရည် ထက်မြတ်သော သားငယ်၏ ပန်းနွယ်သီကုံးရေးဖွဲ့ ထုံးခဲ့မှုကြောင့် ဖခင်ဒေးဗစ်၏ သတိလက်လွတ် မဆင်မခြင် ပြုမူမိသောလုပ်ရပ် ပေါ်ပေါက်ခဲ့ရပြီး တရားစွဲဆိုခံခဲ့ရသည့်ဖြစ်ရပ်ကို သင်ခန်းစာယူဖွယ်ရာအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အင်တာနက်ကျန်းမာရေး

ဟင်းသီးဟင်းရွက် ပိုမိုစားသုံးပြီး လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်လျှင်

ဆီးချိုရောဂါဖြစ်ပွားမှု လျော့ကျနိုင်

အဝလွန်ခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိရာ အဝလွန်ခြင်းမဖြစ်အောင် အစားအသောက်နှင့် အနေအထိုင်များ ဆင်ခြင်သင့်ကြောင်း ဗြိတိန် နိုင်ငံမှ သုတေသနပညာရှင်များက အကြံပြုထားသည်။

မြင့်တက်လာ

ကမ္ဘာပေါ်တွင် ၁၉၉၇ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ဆီးချိုရောဂါဖြစ်ပွားမှု ၇၄ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာလျက်ရှိသဖြင့် အဝလွန်မှုနှုန်းအတိုင်း ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းလည်း မြင့်တက်လာလျက်ရှိသည်။

ဆီးချိုရောဂါ

အဝလွန်သူ ၄၁၀၀၀ကို သုတေသနပြုလေ့လာခဲ့ရာ ၇၀ ရာခိုင်နှုန်းကျော်သည် ဆီးချိုရောဂါ ဖြစ်ပွားနေသူများ သို့မဟုတ် ဆီးချိုရောဂါဖြစ်ပွားရန် အဆင့်ရောက်ရှိနေသူများ ဖြစ်နေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အကြံပြု

ထို့ကြောင့် နေ့စဉ် ဟင်းသီးဟင်းရွက်များကို ပုံမှန်စားသုံးပြီး ကိုယ်လက် လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ကာ(ဝဲပုံ) အဝလွန်မှုကို လျှော့ချပါက ဆီးချိုရောဂါ ဖြစ်ပွားမှု လျော့ကျနိုင်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသန ပညာရှင်များက အကြံပြု တိုက်တွန်းထားသည်။

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စက်ဘီးဖြင့် ခရီးအဝေးဆုံး စီးနှင်းနိုင်သူ

အမေရိကန်နိုင်ငံသား ရိုင်နီးကိုးစ်သည် ကယ်လီဖိုးနီးယားပြည်နယ်အတွင်း စက်ဘီးဖြင့် ခရီးမိုင် ၇၇၆ မိုင်အား ၁၁ ရက်ဖြင့်ခရီးနှင်ခဲ့ရာ တစ်ရက်လျှင်ပျမ်းမျှ မိုင်၇၀နှုန်း ခရီးတွင်ခဲ့သဖြင့် စက်ဘီးဖြင့် ခရီးအဝေးဆုံးနှင့် အမြန်ဆုံး စီးနှင်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ) (အင်တာနက်ဓာတ်ပုံ)

တူးမြောင်းအား အမြန်ဆုံးဖြတ်သန်း စံချိန်တင်

မလေးရှားနိုင်ငံသား အီဘရာဟင်နှင့် မက်ကီပွိုက်တို့နှစ်ဦးသည် မလေးရှားနိုင်ငံ လန်ကာဝီကျွန်းမှ မလေးရှားနိုင်ငံ ကွာလာပါလစ် ဆိပ်ကမ်းအထိ ၃၂ မိုင်ရှည်သော တူးမြောင်းအား အမြန်ရှပ်တိုက်ရေယာဉ်ကိုသုံးကာ ၃၉ မိနစ် ၁၁ စက္ကန့်ဖြင့် ဖြတ်သန်းမောင်းနှင်နိုင်ခဲ့ရာ ကမ္ဘာ့အမြန်ဆုံးဖြတ်သန်း မောင်းနှင်နိုင်သော စံချိန်အဖြစ် ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့သည်။ **(ဝဲပုံ) (အင်တာနက်ဓာတ်ပုံ)**

ဘဝဒဿန

- *Music is a moral law. It gives soul to the universe, wings to the mind, flight to the imagination, and charm and gaiety to life and to everything.*

- *တေးဂီတဆိုသည်မှာ စိတ်ဓာတ်ပြုပြင်ပေးသော အနုပညာ စည်းမျဉ်းတစ်ခုဖြစ်သည်။ တေးဂီတသည် အသည်းနှလုံးကို စကြဝဠာသို့ ဖြန့်ကြက်ပေးသည်။ စိတ်ကို အတောင်ပံတပ်ပေးသည်။ စိတ်ကူးပုံရိပ်များကို ပျံသန်းလွှင့်မျောစေသည်။ ဘဝနှင့် အရာရာတိုင်းအတွက် နှစ်လိုဖွယ်ရာဆွဲဆောင်မှုနှင့် ပျော်ရွှင်မြူးထူးမှုကို ပေးစွမ်းသည်။*

ပလေတို

(ဂရိလူမျိုးစာရေးဆရာနှင့် အတွေးအခေါ်ပညာရှင်)

ပြောပုံက . . .

ဘဝအမောပြေ

အိမ်သို့အလည်အပတ်ရောက်ရှိလာသော ဦးလေးဖြစ်သူအား မိခင်ဖြစ်သူက သားငယ်ကို နှုတ်ဆက်ခိုင်းလေသည်။

သားငယ်။ ။ အန်ကယ်ဂျွန်၊ မင်္ဂလာပါခင်ဗျာ။

အန်ကယ်။ ။ အေး၊ မင်္ဂလာပါကွာ-။

သားငယ်။ ။ အန်ကယ်ဂျွန်၊ သား...သောက်ရေခပ်ပေးမယ်။

အန်ကယ်။ ။ လိမ္မာတယ်ကွာ။

သားငယ်။ ။ ရေအေးအေးလေး သောက်လိုက်ပါဦး။

အန်ကယ်။ ။ အေးပါ၊ ကဲ...ဟောဒီမှာ မင်းအတွက် အရုပ်လှလှလေး ဝယ်လာတယ်။

သားငယ်။ ။ ဟာ...လှလိုက်တာ။

အန်ကယ်။ ။ ကဲ...လက်ဆောင်ရပြီးပြီဆိုရင် ဘယ်လိုစကားမျိုး ပြန်ပြောရမလဲ။

သားငယ်။ ။ နောက်ထပ် အင်္ကျီနဲ့ အရုပ်တွေ ထပ်ဝယ်ပေးပါဦး။

အန်ကယ်။ ။ ''ဟေ''

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်

တင်မာဝင်းနှင့် အေးသန္တာသိန်း

ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရေး လင်းခေးမြို့နယ်၌ နည်းပညာပေး ဆွေးနွေး

လင်းခေး ဖေဖော်ဝါရီ ၂၀

လင်းခေးခရိုင် လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရှမ်းပြည်နယ် ဝါနှင့်ပိုးချည်လုပ်ငန်းဌာန (တောင်ကြီး)တို့ ပူးပေါင်း၍ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၁၀နာရီက လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်စိုးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး**(အောက်ပုံ)** ရှမ်းပြည်နယ် တောင်ကြီးမြို့ ဝါနှင့်ပိုးချည်လုပ်ငန်းမှ ပြည်နယ်တာဝန်ခံဦးလှမြင့်က ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးနည်း နည်းပညာများအကြောင်းကို ဆွေးနွေးဟောပြောသည်။

စိုက်ပျိုးမည်

အလားတူ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်က လင်းခေးမြို့နယ် ဝမ်ဟတ်၊ ဝမ်တိန်း၊ နားကုန်း၊ မအွန်လောင်းကျေးရွာအုပ်စုနှင့် ဝမ်စလောင်းကျေးရွာအုပ်စုများသို့ သွားရောက် ကွင်းဆင်းဆွေးနွေးရာ ငွေချည်(၆) ချည်မျှင်ရှည်ဝါ ဧက ၅၀ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၁၃ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မော်လမြိုင်မြို့ မန္တလေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးမြင့်အေးက ရှင်းလင်းဟောပြောစဉ်။ (၀၁၄)

ပြင်ဦးလွင်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဒုတိယအကြိမ် အမျိုးသားကာကွယ်ဆေး တိုက်နေ့ကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အတွင်းရှိ စုရပ် ၃၂ ရပ်ဖွဲ့စည်းပြီး ပြင်ဦးလွင်ခုတင်(၃၀၀)ဆံ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလျက် ကာကွယ်ဆေးများ တိုက်ကျွေးကြသည်။

ကာကွယ်ဆေးများတိုက်ကျွေး

ကာကွယ်ဆေး တိုက်ကျွေးရာတွင် ပြင်ဦးလွင် ရပ်ကွက်ကြီး(၂) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ သုမင်္ဂလာ ဓမ္မာရုံ၌ ရပ်ကွက်အတွင်းရှိ ငါးနှစ်အောက်ကလေးငယ်များအား အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် မျက်စိကာကွယ်ဆေးများ တိုက်ကျွေးကြကြောင်း သိရသည်။ **(၀၈၈)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှု အခြေအနေကို ဖေဖော်ဝါရီ ၂၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုက စစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဦးလေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ပြရေပေးရေးလုပ်ငန်း နန်းဟောဝန်ဥယျာဉ် ဂါလန် ၈၀၀၀၀ဆံ့ ရေစုကန်မှ ရေဖြန့်ဝေနိုင်ရန် ရှစ်လက်မ ပီဗွီစီပိုက်များသွယ်တန်းမှုကို ဇန်နဝါရီ ၂၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့ ရေခလုတ်တံတားဆောက်ရန် ပန္နက်တင်ပွဲ အခမ်းအနားကျင်းပ

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၃

ငွေကျပ်သိန်းပေါင်း ၁၄၀၀ ခန့်တန်ဖိုးရှိ ရေခလုတ်(ချောင်း၀)တံတားသစ် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရေခလုတ်ကျေးရွာ တံတားဆောက်မည့်နေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် မြို့မိမြို့ဖ ဦးသိန်းမောင်တို့ ပန္နက်ရိုက် ပေးကြသည်။ (အောက်ယာပုံ)

အဆိုပါတံတားမှာ ဂျပန်နိုင်ငံအစိုးရ၏ အသေးစားထောက်ပံ့ရေး အစီအစဉ် (JGGA) က လှူဒါန်းသည့်ငွေနှင့် ဒေသခံပြည်သူများ စုပေါင်း၍ လှူဒါန်းသည့်ငွေ ကျပ်သိန်းပေါင်း ၁၄၀၀ခန့်ဖြင့် အကုန်အကျခံ၍ တံတားအရှည်ပေ ၁၆၀၊ အကျယ် ၁၀ပေ၊ အမြင့် ၂၅ပေရှိ ကွန်ကရစ်အာရ်စီတိုင် သံမဏိသံပေါင်ကို အောင်ဇေယျဘိုးပိုင် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်သည်။

ဖြတ်သန်းသွားလာနိုင်

ယင်းတံတားမှာ ကျောင်းကုန်း၊ အိမ်မဲ၊ ကျုံပျော်၊ ရန်ကုန်မြို့များသို့သွားသည့် ဒါးကမြစ်ပေါ်တွင် တည်ရှိပြီး တံတားပြီးစီးပါက ၎င်းတံတားမှ ကျောင်းကုန်း-အိမ်မဲ၊ ကျောင်းကုန်း-ပုသိမ်၊ ကျောင်းကုန်း-ရန်ကုန်မြို့များသို့သွားသည့် ကားလမ်းမကြီးများနှင့် တိုက်ရိုက်ဆက်သွယ်ပြီး လွယ်ကူစွာသွားလာနိုင်မည့်အပြင် ဒေသခံပြည်သူများအတွက်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့်လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေချောမွေ့စေမည့်အပြင် ပတ်ဝန်းကျင်ကျေးရွာ ပေါင်း ၁၀၀ကျော်နှင့် မြို့နယ်ကျော်ကျေးရွာများသို့ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်မည် ဖြစ်သည်။ **(၁၅၄)**

ဆီဆိုင်မြို့၌ ကာကွယ်ဆေးတိုက်ကျွေး

ဆီဆိုင် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၀၉ ခုနှစ် ပထမအကြိမ် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးခြင်းကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီကစတင် တိုက်ကျွေးကြသည်။

အဆိုပါ ငါးနှစ်အောက် ကလေးငယ်များ အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်း တက်ရောက်၍ ရင်သွေးငယ်တစ်ဦးကို ကာကွယ်ဆေး စတင်၍ တိုက်ကျွေးဖွင့်လှစ်ပြီး တစ်ချိန်တည်းမှာပင် ဆီဆိုင် မြို့မ ခြောက်ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၁၉အုပ်စုရှိ ငါးနှစ်အောက် ကလေးငယ်ပေါင်း ၁၆၄၄၂ဦးတို့ကို ကျေးရွာအလိုက် သတ်မှတ်နယ်မြေများတွင် သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၏ ပံ့ပိုးမှုဖြင့် ကျန်းမာရေးဦးစီးဌာန ဆေးတိုက်အဖွဲ့ ငယ်ဝန်ထမ်းများက ကာကွယ်ဆေးတိုက်ကျွေးကြောင်း သိရသည်။ **(၀၁၅)**

ဖြူးမြို့နယ်တွင်လောကအလင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

ဖြူး ဖေဖော်ဝါရီ ၈

ဖြူးမြို့နယ် ကျော်လှကျေးရွာအုပ်စု ကျော်လှကြီးကျေးရွာ လောကအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ပြုံးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပင်လုံ၌ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ပင်လုံ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ရင်ပြင်၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇ နာရီက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဌေးက ဖတ်ကြားသည်။

ရှင်းလင်းပြသ

ထို့နောက် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီကာတွန်းပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပင်လုံမြို့ရုံး၌ ကျင်းပသော ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲကို ခရိုင်ဥက္ကဋ္ဌနှင့် ပင်လုံတပ်နယ်မှ နယ်မြေမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးအောင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေတို့က ပြပွဲသို့တက်ရောက်လာသူများအား ပြကွက်များရှင်းလင်းပြသပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မန်ယူအသင်း၏ အားထားရမည့် တိုက်စစ်မှူး ရွန်နေ။

ချန်ပီယံဘွဲ့ကို ကာကွယ်မည့် စပါးတိုက်စစ်မှူး ဘန့်။

ဝင်ဘလေကွင်းမှာ ကားလင်းဖလား ဘယ်သူကိုင်မြှောက်မလဲ

ကားလင်းဖလားပွဲအကြို - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

လန်ဒန် ဖေဖော်ဝါရီ ၂၆

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ကားလင်းဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဝင်ဘလေအားကစားကွင်းကြီးမှာ မန်ယူနဲ့ လက်ရှိချန်ပီယံစပါးတို့ လာမယ့် မတ် ၁ ရက် (မြန်မာစံတော်ချိန် ည ၉ နာရီခွဲ) မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်တယ်။

အခွင့်အရေးယူနိုင်မလား

မန်ယူဟာ ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေနဲ့ ပွဲပန်းနေတာကို စပါးနည်းပြရက်နက် အခွင့်အရေးယူနိုင်မလားဆိုတာ ကြည့်ရမှာပါပဲ။ ဒီနှစ်ဘောလုံးရာသီမှာ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားကို ဖွဲ့ဆော်ဦးရယူနိုင်ခဲ့ပြီး ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ကားလင်းဖလားတွေရယူနိုင်ဖို့ နည်းပြဖာဂူဆန် ဘယ်လိုနည်းဗျူဟာတွေ ခင်းကျင်းသွားမလဲ ဆိုတာကလည်း စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✪

ကုန်ကြမ်းပစ္စည်းများ ပြည်တွင်း၌ရှာဖွေပြီး စက်စွမ်းအားပြည့်ထုတ်လုပ် ပြည်တွင်းပြည်ပ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စက်ရုံအလုပ်ရုံများအနေဖြင့် ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း၌ရှာဖွေပြီး စက်စွမ်းအားပြည့်ထုတ်လုပ်ကာ ပြည်တွင်းပြည်ပရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယခင်လအစည်းအဝေးမှတ်တမ်းအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ကိုယ်ဝန်ဆောင်စဉ် စိတ်သောကရောက်လေ့ရှိသူများ စိတ်ကျရောဂါနှင့် ဆီးချိုရောဂါတို့ ဖြစ်ပွားနိုင်

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း စိတ်သောကရောက်မှု မကြာခဏကြုံတွေ့ရသော မိန်းကလေးများအနေဖြင့် စိတ်ကျရောဂါခံစားရနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးပြောကြားလိုက်သည်။

ထို့အတူ ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း စိတ်ပိုင်းဆိုင်ရာခံစားရမှုများသော မိန်းကလေးများသည် ဆီးချိုရောဂါလည်း ဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အင်ဆူလင်

ကိုယ်ဝန်ဆောင်ကာလအတွင်း အမျိုးသမီးများ၏ ခန္ဓာကိုယ်တွင်း၌ သွေးလည်ပတ်မှုနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ✱

ရိုးရာလက်ဝှေ့သမိုင်း တစ်ခေတ်ဆန်းသစ်စေမည့် ဒဂုံရွှေအောင်လံပွဲ အကြိုဗိုလ်လုပွဲစဉ်များ

➢ လက်ဝှေ့သတင်း - ဖင်လင်းထွန်း(နေဖြူ) ➢ ဓာတ်ပုံမှတ်တမ်း - မင်းထွန်း (မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ပထမတန်း လက်ဝှေ့ကျော် စောငမန်း (Ever Green)

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co.,Ltd. ၏ အဓိက မတည်ပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများဖြင့် H & SGroup မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဉ်သည့် "ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး"ကို လာမည့် ဖေဖော်ဝါရီ ၂၈ (စနေနေ့)နှင့် မတ်၁ ရက်(တနင်္ဂနွေနေ့)တို့တွင် ညနေ ၃ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ နေ့စဉ်အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲစဉ် တစ်ပွဲ၊ ပထမတန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲစဉ် တစ်ပွဲ၊ ငါးချီအထူးစိန်ခေါ်ပွဲလေးပွဲ၊ လေးချီအထူးပွဲ သုံးပွဲ စုစုပေါင်း ပွဲစဉ် ကိုးပွဲစီဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ရှန်းကန်ရင်ဆိုင်ရမည်

ပထမနေ့ ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့) ပထမတန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲစဉ်အဖြစ် တွေ့မရှောင် (KLN) နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့

စာမျက်နှာ ၁၁ ကော်လံ ၁ ●

မြန်မာပြည်ချန်ပီယံ လုံးချော (သောင်တုန်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

သကြားဘေးထွက်ပစ္စည်း၊ ဆန်နှင့် ကောက်ညှင်းတို့မှ ဇီဝလောင်စာဆီ ထုတ်ယူမည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

သကြားဘေးထွက်ပစ္စည်းအပြင် စားသောက်ကုန်ပစ္စည်းအချို့ကို တဆေးထည့်ကာ ထွက်ပေါ်လာသော အင်ဖိုင်းတစ်မျိုးနှင့်အတူ အရည်ကို ဇီဝလောင်စာဆီအဖြစ် အီသနောနှင့်အတူ ရောနှောပေါင်းစပ် အသုံးပြု၍ရကြောင်း ဂျာမနီနိုင်ငံမှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ရောနှော

သကြား ဘေးထွက်ပစ္စည်းအပြင် အခြားစားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်နှင့် ကောက်ညှင်း စသည်တို့ကို တဆေးထည့်ပြီး ထွက်ပေါ်လာသော ကစော်ရည်အား ဓာတုပစ္စည်းများဖြင့် ပြုပြင်ပြောင်းလဲကာ ဇီဝလောင်စာဆီအဖြစ် ရောနှောအသုံးပြုခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐